တထ်ဝေတ်

mgyoe.com

# ရွှေဥဒေါင်း

# လွမ်းအောင်ဖန်



mgyoe.com

ပဥ္စမအကြိမ်

mgyoe.com



နည်းယူလောက်အောင် ချစ်ခင်ကြင်နာခြင်း ရှိခဲ့ကြသော
သမီးယောက်မနှစ်ယောက်တို့သည် နောက်ဆုံးအကြိမ်
နှစ်ယောက်တည်း တွေ့ဆုံ စကားပြောလျက် ရှိကြလေ၏။
ထိုမိန်းကလေးနှစ်ယောက်၏ ခွဲခွာကြပုံမှာ
စင်စစ်ပင် ရင်ထုမနာ ကြင်နာသနားလောက်ပါပေ၏။

ISBN9789997112026
SOD44
9 789997 112026
1,700.00KS

mgyoe.com

ထုတ်ဝေသူ-ဒေါ်အိဝတ်ရည်ထွန်း၊ ဂျူတီစာပေ၊ (၀၂၀၇၇)၊
ဓမ္မာရုံလမ်း၊ လှိုင်၊ ရန်ကုန်။
ပုံနှိပ်သူ-ဒေါ်ဝင်းမာ၊စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ (၀၀၄၁၂)
အမှတ်-၁၁၇၉၊ မစိုးရိမ်လမ်း၊ကံဘဲ့၊ရန်ကင်း။

မျက်နှာဖုံးပန်းချီ - တော်တီဆွေ
၂၀၁၈၊ အောက်တိုဘာလ၊ အုပ်ရေ ၅၀၀၊ ပဥ္စမအကြိမ်၊
၂၀၁၃ ခုနှစ် မြစ်မင်းရောစာပေဏ၏စတုတ္ထအကြိမ်မှ။

တန်ဖိုး- ၁၇၀၀ ကျပ်

mgyoe.com

mgyoe.com

# လွမ်းအောင်ဖန်

ရွှေဒေါင်း

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

## အခန်း (၁)

ရတနာသိင်္ဃဟူ၍လည်းကောင်း၊ ကုန်းဘောင်မြို့ဟူ၍လည်းကောင်း၊ မုဆိုးဖိုဟူ၍လည်းကောင်း၊ ရန်ကြီးအောင်ဟူ၍လည်းကောင်း၊ ရွှေဘိုဟူ၍လည်းကောင်း မည်ငါးအင်ဖြင့် ခေါ်တွင်သမုတ်ကြသည့် ရွှေဘိုမြို့ မင်းရပ်ရှိ အိမ်ကြီးတစ်ဆောင်မှာ ဇနင်ပြီးသည်နှင့်တစ်ပြိုင်နက် အထက်ထပ်နှင့်အောက်ထပ်မကျန် ဓာတ်မီးရောင်တို့ဖြင့် ထိန်ထိန်ဝင်းလျက် ရှိလေ၏။ ၈ နာရီ ထိုးလတ်သောအခါ ကျောင်းသားအရွယ် လူငယ်ကလေးတို့သည် သစ်လွင်သော အဝတ်အစားတို့ဖြင့် သပ်ရပ်စွာ ဝတ်ဆင်လျက် တစ်ယောက်ပြီးတစ်ယောက် ဆိုက်ရောက်၍ လာကြလေရာ ရောက်နှင့်ပြီးသော သူငယ်များသည် အောက်ထပ်၌ ခင်းကျင်းထားသော စားပွဲများ၌ သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်စသည်တို့ကို ဖတ်သူကဖတ်၊ အိမ်ရှေ့ရှိ ခုံရှည်၌ထိုင်ကာ ကျောင်းသားတို့ဘာဝ ကျောင်းဆရာနှင့် ဆရာမများ၏အကြောင်းကို အတင်းပြောသူကပြော၊ တဝေါဝေါ တသောသောနှင့် ရှိနေကြလေ၏။ ၈ နာရီခွဲသည်နှင့် တစ်ပြိုင်နက် အိမ်ကြီးအပေါ်ထပ်မှ ခေါင်းလောင်းသံကြားသည်နှင့် ကျောင်းသားများသည်

mgyoe.com

mgyoe.com

မဆုံးမကုန်နိုင်သော အတင်းစကားများကို ယတိပြတ်ရပ်စဲပြီးလျှင် အပေါ်ထပ်သို့ တက်ကြလေ၏။

အိမ်ကြီး၏အပေါ်ထပ်၌ကား အစည်းအဝေး ကျင်းပမည့် အနေဖြင့် ကုလားထိုင်များကို အတန်းလိုက် ခင်းကျင်းလျက်ရှိရာ ထိပ်၌ရှိသော စားပွဲ၌မူ လူပျိုပေါက်အရွယ် ကျောင်းသားနှစ်ယောက် နှင့် ကုလားလူမျိုးတစ်ယောက် ထိုင်လျက် ရှိကြ၏။ ကုလားလူမျိုး မှာ အိန္ဒိယပြည်မှ နာမည်ကျော် တရားဟောဆရာတစ်ယောက် ဖြစ် လေရာ ကျောင်းသားများ၏ ဖိတ်ကြားချက်အရ ထိုနေ့ည၌ ကျောင်း သားများ၏ နိုးကြားရေးနှင့် ကြီးပွားရေးအကြောင်းများကို ဟောပြော ခြင်းအားဖြင့် တိုက်တွန်းနှိုးဆော်ရန် ဖြစ်လေသည်။

အသင်းသားများ စုံညီကြသည်နှင့်တစ်ပြိုင်နက် တရား ဟော ဆရာသည် အိန္ဒိယပြည်၌ ကုလားကျောင်းသားများ၏ နိုးကြား ထကြွ ရှိကြပုံများကို အားကျစေလောက်အောင် အားပါးတရ ပြောပြ လေရာ ကျောင်းသားများသည် လက်ခုပ်လက်ဝါးတီးကာဖြင့် ဆူညံ စွာ ဩဘာပေးကြလေကုန်၏။

နောက်ဆုံး၌ တရားဟောဆရာသည် ရွှေဘိုမြို့ရှိ အထက် တန်းကျောင်းသားများ လိုက်နာဆောင်ရွက်အပ်သော ဝတ္တရားတစ်ခု ကို အကြံပေးလေရာ အားလုံးတို့သည် ၄င်းအကြံပေးချက်ကို ကြိုက် နှစ်သက်ကြသည်ဖြစ်သောကြောင့် သဘောတူညီကြလေ၏။

၄င်းအကြံပေးချက်မှာကား ရွှေဘိုမြို့၌ မိဘများ ခိုင်လုံသဖြင့် အင်္ဂလိပ်ကျောင်းများ၌ ပညာသင်ကြားနိုင်သူတို့၏ အရေအတွက်မှာ မသင်ကြားနိုင်သူတို့၏ အရေအတွက်ထက် အဆပေါင်းများစွာ ယုတ်လျော့သည်ဖြစ်သောကြောင့် ထိုကဲ့သို့ ကံမကောင်းအကြောင်း မလှသူတို့အတွက် အထောက်အပံ့ဖြစ်စေခြင်းငှာ ၇ တန်းမှအထက် ကျောင်းသား အသီးသီးသည် မိမိတို့နေအိမ်အနီးရှိ ပညာ မသင်နိုင်သူ

mgyoe.com

mgyoe.com


တစ်ယောက်ကို (ယောကျ်ားကလေးဖြစ်စေ၊ မိန်းကလေးဖြစ်စေ) ညအခါ အားလပ်သောအချိန်တွင် ပညာသင်ကြားပေးရန် ဖြစ်လေသည်။

ငှင်းဆုံးဖြတ်ချက်မှာ ပညာတတ်မြောက်သူတို့၏ အရေအတွက်ကို နှစ်ဆမျှတိုးတက်စေမည့် ဆုံးဖြတ်ချက် ဖြစ်လေရကားကျောင်းသားများသည် အလွန်တရာ နှစ်သက်အားရလှသည် ဖြစ်သောကြောင့် ထိုအကြံပေးသူ တရားဟောဆရာအား ကောင်းသောနည်းလမ်းကို ညွှန်ပြသူ ဆရာတစ်ဆူ ဖြစ်ပေကြောင်းနှင့် ချီးကျူးပြောဆိုကြလေ၏။

အစည်းအဝေးပြီးစီးသဖြင့် နေအိမ်သို့ ပြန်ကြသောအခါတွင် ကျောင်းသားအသီးသီးတို့သည် မိမိတို့ရပ်ကွက်၌ မည်သည့်ယောကျ်ားကလေး၊ မည်သည့်မိန်းကလေးကို ပညာသင်ကြား၍ပေးရပါမည်နည်း။ ငှင်းတို့၏ မိဘများက သဘောတူမှတူပါလေ၏လောစသည်ဖြင့် စဉ်းစားစိတ်ကူး၍ သွားကြလေကုန်၏။

■

mgyoe.com

mgyoe.com

# အခန်း (၂)

သစ်ကုန်သည်ကြီး ဦးသန့်စင်နှင့် ဇနီးဒေါ်ငြိမ်းလှတို့သည် အကြင်လင်မယားအဖြစ်နှင့် ထိမ်းမြားလက်ထပ်ကြစဉ်အခါက နှစ်ဦးနှစ်ဖက်သောမိဘများက ထိုက်သည့်အားလျော်စွာ ကြေးငွေ အရင်းအနှီး စိုက်ထုတ်ချီးမြှင့်ကြသည့်အလျောက် သစ်အရောင်းအဝယ်ဘက်တွင် အတော်ပင် ကြီးပွားထွန်းကားသော ကုန်သည်ကြီး၏ အခြေအနေသို့တိုင် ရောက်ခဲ့ဖူးလေသည်။ သို့ရာတွင် ဦးသန့်စင်မှာ လူရိုးလူကောင်းကြီးတစ်ယောက်ဖြစ်လေရကား လှီးစားဖြတ်စားနှင့် လူပါးလူနပ် ပေါများလှသော ခေတ်အခါကြီးတွင် ရိုးလွန်းသော သူတို့မှာ လူပါးလူနပ်များ၏ လှည့်ဖြားရောင်းစားခြင်းကို ခံကြရစမြဲဖြစ်သည့်အတိုင်း ဦးသန့်စင်မှာလည်း လူလိမ်လူညာ လူဗလချာများနှင့် ဆက်ဆံဖောက်ကားမှုပြုမိရာတွင် ၉ နှစ်မျှ ရှာဖွေစုဆောင်းခဲ့သော ပစ္စည်းဥစ္စာများသည် ပျက်စီးချိန်တန်သောအခါ၌ တစ်နှစ်ခန့်အတွင်းတွင် အိတ်သွန်ဖာမှောက် ဆိုလောက်လှဘနန်း ကုန်ခန်းပျက်စီးခဲ့လေကုန်၏။

ယင်းကဲ့သို့ ပစ္စည်းဥစ္စာကုန်ခန်းစေကာမူ အကြင်လင်မယားနှစ်ယောက်တို့မှာ စီးပွားပျက်သောသူအချို့ကဲ့သို့ တစ်ယောက်ကို

mgyoe.com

mgyoe.com


တစ်ယောက် ငေါက်ငမ်းကြိမ်းမောင်းခြင်း၊ သူ့ကြောင့်ပျက်ရသည် ငါ့ကြောင့်ပျက်ရသည် စသည်ဖြင့် တစ်ဦးကိုတစ်ဦး အပြစ်ဖို့ခြင်း စသော အပြုအမူမျိုးကို မပြုမူ၍ ယခင်ကောင်းစားစဉ်ကထက်ပင် တစ်ဦးအားတစ်ဦး ထူးကဲပိုမို ချစ်ခင်ကြင်နာခြင်း ရှိခဲ့ကြလေသည်။ ဦးသန့်စင်သည် ဒေါ်ငြိမ်းလှ၏မျက်နှာကို ကြင်နာစွာနှင့်ကြည့်လျက်–

"အမှန်ပြောရမှာဖြင့် မယ်ငြိမ်းရယ်၊ သမီးကလေးအတွက် ပူပန်နေလို့သာပ၊ ကျုပ်အလိုအတိုင်းဆိုလျှင် ဆင်းရဲလေလေ မယ်ငြိမ်း ကောင်းတဲ့အချက်တွေ ပေါ်လာလေလေ ဖြစ်လေတော့ ဆင်းရဲတာကိုပဲ ဝမ်းသာရတော့မလိုလို ဖြစ်မိသေးတယ်"

ဟုပြောရာတွင် ဒေါ်ငြိမ်းလှက–

"ရီရီကလေးတစ်ယောက်များ မရှိဘူးဆိုလျှင် ကျွန်မဖြင့် ကိုသန့်စင်ကြင်နာပုံ မြင်ရတာနဲ့ ကျေနပ်ပြီး ချမ်းသာရမှာတောင် ကြောက်ပါသေးရဲ့ ကိုသန့်စင်"

ဟု ပြန်ပြောလေ၏။ ဆင်းရဲသောအခါ၌ တစ်ယောက်ကို တစ်ယောက် ထိုကဲ့သို့ ကျေနပ်သောလင်မယားတို့မှာ ရှားပေစွတကား။

၎င်းတို့ လင်မယား၌ ရီရီအမည်ရှိ သမီးချောကလေး တစ်ယောက်ရှိလေရာ ကျွန်ုပ်တို့ ရေးသားဖော်ပြလိုက်သောအချိန် အခါ ဆံရစ် ဆံတောက်ကလေးနှင့် ၁၂ နှစ် သမီးခန့်ရှိလေပြီ။ ထို အရွယ်၌ ရှိနေသော ရီရီ၏ အဆင်းကို ကြည့်ရှုဆုံးဖြတ်ရမည်ဆိုသော် ရီရီမှာ အရွယ်ရောက်သောအခါတွင် ထွားကြိုင်းဖွံ့ဖြိုးသော မိန်းမ စားမျိုး မဖြစ်နိုင်ဘဲ ပုပုပျပ်ပျပ်ကလေးနှင့် ပွေ့ပိုက်၍ထားချင် ဖွယ်ရာ သော မိန်းကလေးမျိုး ဖြစ်လာဖွယ်ရာ ရှိချေသည်။ ထိုသူငယ်မ၌ ထူးခြားသောအချက်တစ်ခုမှာ ၎င်းအားမြင်သမျှသော ယောကျ်ား မိန်းမဟူသမျှသည် ပွေ့ဖက်နမ်းရှုပ်ခြင်း မပြုရဘဲ မကျေနပ်နိုင်အောင်

mgyoe.com

mgyoe.com

ရှိနေတတ်ကြသည့်ပြင် မျက်လှာကလေးချ၍ နေပုံကပင် သနားစရာကလေး ရှိပါပေသည်ဟု လူတိုင်းကပင် ဝန်ခံချီးမွမ်းကြလေသည်။ ရီရီသည် ရုပ်အဆင်းအားဖြင့်လည်းကောင်း၊ အမူအရာအားဖြင့်လည်းကောင်း၊ ပြောပုံဆိုပုံကလေးအားဖြင့် လည်းကောင်း၊ အခြေအနေအားဖြင့် လည်းကောင်း၊ ကရုဏာသက်လောက်ဖွယ် ဖြစ်ပေရာ ထိုသို့သောအခြင်းအရာသည် နောင်ဖြစ်ပျက်လတ္တံ့သော အဖြစ်အပျက်များ၏ နိမိတ်လက္ခဏာပင် ဖြစ်ချေသလောဟု တွေးတောဖွယ်ရာ ဖြစ်ချေသည်။

တစ်ညနေ၌ ရီရီသည် ငြိမ်ငြိမ်နေတတ်သော ကလေးတို့ဘာဝ၊ ဝင်းပေါက်မှမျှော်၍ လမ်းဘက်သို့ကြည့်နေစဉ် လမ်းပေါ်မှ ကျောင်းသားတစ်ယောက်ကိုမြင်သဖြင့်–

"ဟော ကိုကိုဝင်း လာပြီမေမေ"

ဟု မိခင်အားလှမ်းပြော၍ ဝမ်းမြောက်ဝမ်းသာ ပြေးထွက်ပြီးလျှင် ထိုသူငယ်၏ လက်ကိုကိုင်လေ၏။ ၎င်းနောက် မောင်ဝင်းမောင်နှင့် ရီရီတို့သည် တစ်ဦးလက်ကိုတစ်ဦးကိုင်လျက် ဒေါ်ငြိမ်းလှရှိရာသို့ တက်လာကြလေ၏။ ဒေါ်ငြိမ်းလှမှာမူ မီးဖိုချောင်၌ ဦးသန့်စင်ကြိုက်တတ်သော ဟင်းလျာမျိုးကို ကောင်းရာကောင်းကြောင်း ကြံဖန်ချက်ပြုတ်လျက် ရှိ၏။

ငြိမ်း။ ။ မောင်ဝင်းမောင်၊ ဒီကနေ့ညလာတာ တယ်စောပါကလား။

ဝင်း။ ။ စောဆို ဦးတို့၊ ဒေါ်ဒေါ်နဲ့ တိုင်ပင်စရာကလေးရှိလို့ပါပဲ။ ဦးကော ဒေါ်ဒေါ်။

ငြိမ်း။ ။ ခုပဲ ပြန်လာပါလိမ့်မယ်၊ ဘာများ တိုင်ပင်ဖို့လဲ မောင်ဝင်း။

ဝင်း။ ။ ကျွန်တော်တို့ အရပ်ထဲက ကလေးတွေကို စာသင်ပေးဖို့ ဆုံးဖြတ်ချက်ချထားတယ် ဒေါ်ဒေါ်ရဲ့။ ဒါကြောင့် ရီရီကို ကျွန်တော် စာသင်ပေးရလိမ့်မယ်။

mgyoe.com

mgyoe.com

ငြိမ်း။ ဘာစာများလဲ မောင်ဝင်းရယ်။

ဝင်း။ အင်္ဂလိပ်စာ ဒေါ်ဒေါ်။

ငြိမ်း။ ကြဲကြဲစည်စည် မောင်ဝင်းရယ်၊ မိန်းကလေးကို အင်္ဂလိပ်စာ သင်လို့ ဘာလုပ်မှာလဲ။

ဝင်း။ ဟုတ်ရိုးလား ဒေါ်ဒေါ်၊ ကာလက အင်္ဂလိပ်စာတတ်မှ မျက်စိကြီး နားကြီးဖြစ်နိုင်တဲ့ကာလမို့လို့ လုပ်စားစား မစားစား တတ်ထားလျှင် ကောင်းတာပေါ့ ဒေါ်ဒေါ်။ မဟုတ်လား ရီရီ။

ရီ။ ကိုကိုဝင်းက ကျွန်မကို အင်္ဂလိပ်စာသင်ပေး မယ်လား။

ဝင်း။ အေး၊ ဟုတ်တယ်။ ရီရီ မတက်ချင်ဘူးလား။

ရီ။ (ဝမ်းမြောက်စွာနှင့် မောင်ဝင်းမောင်၏လက်ကို ဆွဲယမ်းလျက်) တက်ချင်တာပေါ့ ကိုကိုဝင်းရယ်၊ ဖေဖေက ကျွန်မ ငယ်ငယ်တုန်းကတောင် ကြီးလာလျှင် အင်္ဂလိပ်ကျောင်း ထားမယ် ဆိုပြီး ထားလည်းမထားဘူး။

ငြိမ်း။ ညည်းအဖေလာတော့ ပြောပါတော်၊ သူသင် သင်ရပါလိမ့်မယ်။

ဦးသန့်စင်ပြန်လာသောအခါ မောင်ဝင်းမောင်က ထို အကြောင်းကို ပြောပြပြန်ရာ ရီရီကထက်သန်စွာ ထောက်ခံချက် ပေးသောကြောင့် နောက်ဆုံး၌ သဘောတူညီလေ၏။

ထိုညဉ့်မှစ၍ မောင်ဝင်းမောင်သည် မိမိ၏သင်ခန်းစာများကို လေ့ကျင့်ကျက်မှတ်ပြီးစီး၍ အားလပ်သောအချိန်အခါတိုင်း ရီရီအား အင်္ဂလိပ်စာ မြန်မာစာနှင့် ဂဏန်းသင်္ချာများကို သင်ကြားပြသလေ၏။ ရီရီမှာလည်း ပညာကို လိုလားသည်နှင့် နေ့ခင်းအချိန်များတွင် ကျက်မှတ်ရန်ရှိသောစာများကို မနေမနား ကျက်မှတ်လေ့ရှိ၏။ မောင်ဝင်းမောင်သည် ရီရီအတွက် လိုသောစာအုပ်များနှင့် ကျောင်း သုံးပစ္စည်းများကို မိမိ မုန့်ဖိုးငွေမှ ဝယ်ခြမ်းပေး၍ ကြိုးစား သင်ကြား

mgyoe.com

mgyoe.com


လေရာ ၃ နှစ်ခန့်အချိန်တွင် အတော်အတန် စာစီစာကုံးနိုင်သော အခြေအနေသို့တိုင် ရောက်ခဲ့လေ၏။ ထိုအခါ၌ကား ရီရီမှာ ၁၅ နှစ်သမီးအရွယ်သို့တိုင် ရောက်လာပြီးဖြစ်သော်လည်း ဆရာနှင့် တပည့်တို့မှာ မောင်ရင်းနှမရင်းကဲ့သို့သာလျှင် ကြင်နာချစ်ခင်စွာ ဆက်ဆံကြကြောင်းကို မိဘများက စိတ်ကျေနပ်သည် ဖြစ်သော ကြောင့် တစ်စုံတစ်ရာ ကန့်ကွက်ဟန့်တားခြင်း မပြုခဲ့ချေ။

■

mgyoe.com

mgyoe.com

## အခန်း (၃)

မောင်ဝင်းမောင်မှာ တောအုပ်ကြီးဦးသိန်းဖေနှင့် ဇနီးဒေါ်တင်တင်တို့၏ သားဖြစ်လေရာ အင်္ဂလိပ်ကျောင်း၌ ၈ တန်းကျောင်းသားအဖြစ်မှစ၍ ရီရီအား ပညာသင်ကြားပြသခဲ့သဖြင့် သုံးနှစ်စေ့ကုန်သောအခါတွင် ၄င်းကိုယ်တိုင် ၁၀ တန်းစာမေးပွဲကို အောင်မြင်ခဲ့ပြီး၍ ၁၈ နှစ်သားအရွယ်သို့တိုင် ရောက်ခဲ့လေပြီ။ ရီရီသည် မောင်ဝင်းမောင်၏ တပည့်အဖြစ်နှင့်ပင် ကလေးအရွယ်မှ အပျိုကလေးအရွယ်သို့တိုင် ရောက်လာခဲ့သည်ဖြစ်ရာ ၄င်းတို့၏ စိတ်သည် မည့်မျှပင် ဖြူစင်စေကာမူ ဓမ္မတာသဘောကို မလွန်ဆန်နိုင်သည်ဖြစ်ရကား တစ်ဦးအားတစ်ဦး ချစ်ခင်စုံမက်ကြောင်းကို ဖွင့်ဟ၍ မပြောရသေး၊ ငြားသော်လည်း အသီးသီး၏ စိတ်ဆဲ၌ကား ရီရီကလွဲ၍ မိန်းကလေး ဟူသည်မရှိဟူ၍လည်းကောင်း၊ မောင်ဝင်းမောင်ကလွဲ၍ ယောကျ်ားလေးဟူသည် မရှိဟူ၍လည်းကောင်း ထင်မှတ်ခဲ့လေပြီ။ ယင်သို့ဖြစ်ရကား နှစ်ဦးလုံးကပင် နှစ်ယောက်တည်း လွတ်လပ်စွာနေထိုင်ခြင်းကို တစ်စတစ်စ ဆင်ခြင်ကြ၍ နောက်ဆုံး၌ မိဘများ၏ မျက်မှောက်၌သာလျှင် ပညာသင်ကြား လေ့လာခြင်း ပြုကြလေတော့၏။

mgyoe.com

mgyoe.com


တစ်နေ့သ၌ အရပ်သားကလေးတစ်ယောက်သည် ရိရိအား လူငယ်တို့ဘ၁၀ ပြောင်လှောင်မိလေရာ မောင်ဝင်းမောင်သည် ဒေါ်ငြိမ်းလှက ပြောပြသဖြင့် ထိုအကြောင်းကို ကြားရသောအခါတွင် အသားများ ဆတ်ဆတ်တုန်အောင် စိတ်မာန်ထွက်လေ၏။ ထိုကဲ့သို့ ဖြစ်ရခြင်းမှာ နမကလေးအရင်းကဲ့သို့ မှတ်ထင်ရုံမျှ ကကောင်းမှ ကချေမည်။ ဒေါ်ငြိမ်းလှ ကိုယ်တိုင်ကပင် စိတ်ဇဝေဇဝါဖြစ်ဟန်နှင့်–

"မောင်ဝင်းမောင်က ဒေါသကြီးလှချေကလား"

ဟု ပြောရာတွင် မောင်ဝင်းမောင်သည် သတိရဟန်နှင့်–

"ဟုတ်တယ် ဒေါ်ဒေါ်ရယ်။ ကျွန်တော်က နမချင်းမစာနာ တဲ့လူများ တယ်ပြီး စိတ်ပေါက်တယ်"

ဟု ရှက်ကိုးရှက်ကန်းနှင့် ပြော၏။ သားအမိနှစ်ယောက်တို့ မှာမူ တစ်ယောက်၏မျက်နှာကို တစ်ယောက်ကြည့်လျက် ဆိတ်ဆိတ် သာလျှင် နေလိုက်ကြရ၏။

တောအုပ်ကြီးဦးသိန်းဖေသည် မိမိ၏သား မောင်ဝင်းမောင် ၁၀ တန်းအောင်ပြီးသောအခါတွင် မဆုံးဖြတ်နိုင်သေးအောင် ဖြစ်နေ ၏။ အရွယ်ကောင်းလှ၍ ပညာလိုလားသောသားဖြစ်သောကြောင့် ကောလိပ်ကျောင်းသို့လည်း ပို့လို၏။ သားသမီး ၅ ယောက် ရှိသော ကြောင့်လည်း ကောလိပ်ကျောင်းစရိတ်ကို မတတ်နိုင်ချေ။ ထိုသို့သော အကျဉ်းအကျပ်နဲ့ရှိနေစဉ် စက်ပိုင်သူဌေး ဦးကျိုးညို ပေါ်ပေါက်၍ လာခဲ့၏။

ဦးကျိုးညိုမှာ ရွှေဘိုမြို့၏တောင်ဘက် မုဆိုးချုံဘူတာ၌ စပါးစက်တစ်လုံးပိုင်ရှင်ဖြစ်လေရာ ၄င်း၌ မသန်းညွန့်အမည်ရှိ သမီး ပျိုတစ်ယောက်ရှိ၏။ ခေတ်ကာလသမီးရှင်များသည် ပညာတတ် မြောက်ပြီးသော သတို့သားကို အဆင်သင့်တွေ့လျှင်လည်း တွေ့စေ၊ အကယ်၍ 'ရယ်ဒီမိတ်' သမက်မတွေ့ခဲ့ပါလျှင်လည်း 'အော်ဒါမိတ်'

mgyoe.com

mgyoe.com

သမက်အဖြစ်မျိုးနှင့် ရနိုင်စေခြင်းငှာ အစအနကောင်းသော ကျောင်းသားကလေးများ သတင်းနာခံ၍ စရိတ်ထောက်ပံ့ခြင်း အားဖြင့် ကောလိပ်ကျောင်းသို့ ပို့ကြရလေသည်။ ဦးကျီးညိုမှာလည်း မောင်ဝင်းမောင်ကို အော်ဒါမိတ် သမက်အဖြစ်နှင့် ဖမ်းရန် ရည်ရွယ်လျက် တောအုပ်ကြီး ဦးသိန်းဖေနှင့် စကားကမ်းလှမ်း စေ့စပ်စေ၏။ ဦးသိန်းဖေမှာ ရေငတ်လျက်ရှိသောသူသည် ရေတွင်းထဲသို့ ကျဘိသည့်အလား စေ့စပ်လာသူတို့၏စကားကို ဆောလျင်စွာပင် နားဝင်လေ၏။ သို့ဖြစ်၍ နောက်ဆုံး သဘောတူစိမံချက်အရမှာ မောင်ဝင်းမောင်သည် ကောလိပ်ကျောင်း၌ ဆက်လက်၍ ပညာသင်ရန် ဖြစ်ကြောင်း၊ မောင်ဝင်းမောင်၏ ကျောင်းစရိတ်ကို ဦးကျီးညိုက တစ်ဝက်မျှ ခံမည်ဖြစ်ကြောင်း၊ မိန်းမရှင်က စရိတ်ထောက်ပံ့ခြင်းမှာ ရှက်ဖွယ်ကောင်းသော အဖြစ်မျိုးဖြစ်သောကြောင့် ဤအကြောင်းကို မည်သူ့အားမျှ မသိစေရမည်အကြောင်း၊ ဦးသိန်းဖေက မောင်ဝင်းမောင်ထံ စရိတ်အလုံးစုံ ပို့လိုက်၍ ဦးကျီးညိုက ဦးသိန်းဖေထံ လစဉ်လျှို့ဝှက်စွာနှင့် စရိတ်တစ်ဝက်ကို ပို့မည်ဖြစ်ကြောင်း စသည့် စီမံချက်များဖြစ်လေသည်။

သို့ဖြစ်ပါ၍ ဦးသိန်းဖေသည် သားမောင်ဝင်းမောင်ကို ကောလိပ်ကျောင်းသို့ ပို့မည့်အကြောင်း ပြောပြသောအခါတွင် ဦးကျီးညို၏သမီးနှင့် စေ့စပ်ပြီးဖြစ်ကြောင်းကို ဖွင့်ဟပြောဆိုခြင်း မရှိချေ။ ငယ်လှသေးသော သားဖြစ်သောကြောင့် ဖွင့်၍ပြောရန်လည်း မလိုသေးဟု အောက်မေ့၏။

မောင်ဝင်းမောင်မှာ ကောလိပ်ကျောင်းသို့သွားရတော့မည့် အကြောင်းကို သိရသောအခါတွင် ပညာလိုလားသော သူငယ်တစ်ယောက် ဖြစ်သည့်အားလျော်စွာ ဝမ်းမြောက်ဝမ်းသာ ရှိငြားသော်လည်း ၎င်း၏ဝမ်းမြောက်ခြင်းသည် လွတ်လွတ်ကျွတ်ကျွတ်

mgyoe.com

mgyoe.com

မဟုတ်ဘဲ နောက်ဆံတငင်ငင်ရှိနေသော အတန်းအစားမျိုး ဖြစ်ကြောင်းကို ဖတ်ရှုသူတို့ သိရှိပြီးပင် ဖြစ်ချေသည်။

မောင်ဝင်းမောင် ရန်ကုန်သို့ မထွက်မီညဌ် ရီရီ၏မိခင် ဒေါ်ငြိမ်းလှသည် မောင်ဝင်းမောင်အား မိမိတို့နေအိမ်၌ နောက်ဆုံးညစာစားသောက်ရန် ဖိတ်ကြားပြီးလျှင် မရှိမဲ့ရှိမဲ့ရှာကြံ၍ တတ်အားသမျှ ကောင်းမွန်စွာ ချက်ပြုတ်စီမံထားလေ၏။ ရီရီမှာမူ အခါတိုင်း၌ မိခင်အား မီးဖိုချောင်ကိစ္စတွင် ဖျတ်လတ်စွာ ကူညီလုပ်ကိုင်ဖော်ရသော်လည်း ထိုနေ့၌မူ တမှိုင်မှိုင်တတွေတွေနှင့် ရှိနေ၏။ ငရုတ်သီးကို မိခင်က အထောင်းခိုင်းရာ ငရုတ်သီးတွေကို ပစ်လိုက်၍ သီတာကို ထောင်းလျက်နေ၏။ ကြင်နာသောမိခင်သည် သမီး၏အဖြစ်ကို ရိပ်မိသည်နှင့် မြည်တွန်ခြင်းမပြုဘဲ–

"ငါ့သမီး ဖယ်တော့ဖယ်တော့ မေမေ လုပ်မယ်။ ခေါင်းများဖြီး အဝတ်ကလေးများ လဲထားချေ"

ဟု ပြော၍ လွှတ်လိုက်၏။

ထိုည၌ ဦးသန့်စင်မှာ အသုဘအိမ်တစ်အိမ်သို့ သွားနေသဖြင့် မောင်ဝင်းမောင် ရောက်လာသောအခါတွင် ဦးသန့်စင် မရှိချေ။ မောင်ဝင်းမောင်သည် အိမ်ပေါ်သို့တက်လာပြီးနောက် အကျွမ်းတဝင် ထွက်ဝင်သူတစ်ဦးဖြစ်သည့် အားလျော်စွာ မီးဖိုချောင်သို့ ဝင်လာ၍ ဒေါ်ငြိမ်းလှအား–

"ရီရီတစ်ယောက်ကော ဒေါ်ဒေါ်၊ မမြင်ပါကလား"

ဟု မေးလေ၏။

ငြိမ်း။ "ရှိပါတယ်မောင်ဝင်း။ ခုပဲအိမ်ထဲဝင်သွားတယ်၊ ပုန်းနေပြီထင်တယ်၊ တွေ့အောင်ရှာ မောင်ဝင်းရေ့"

ဝင်း။ "စိတ်ချ ဒေါ်ဒေါ်၊ တိမ်ကြားကပ်နေတာတောင် မလွတ်စေဘူး၊ ကျက်လုပြီလား ဒေါ်ဒေါ်၊ ကျွန်တော်တော့ ဆာလှပြီ။

mgyoe.com

mgyoe.com

ဦးတစ်ယောက်ကော"

ငြိမ်း။ "အသုဘအိမ်ကို သွားတယ်။ သူတော့ ဟိုမှာပဲ စားလိမ့်မယ်။ ကျက်လုပါပြီ၊ ရီရီကိုသာ ရှာချေပါ"

မောင်ဝင်းမောင်သည် အိမ်တွင်းသို့ဝင်ခဲ့၍ အနှံ့အပြားရှာဖွေရာမတွေ့ရှိချေ။ နောက်ဆုံး၌ အိပ်ခန်း၏ကန့်လန့်ကာကို လှပ်ကြည့်လိုက်သောအခါ ငိုယိုလျက်ရှိသော ရီရီကိုတွေ့ရလေ၏။

ဝင်း။ "ဘယ်နှယ့်လဲ၊ ရီရီဆိုပြီး ငိုငိုနေပြီလား"

ရီရီသည် မျက်နှာကို လက်နှစ်ဖက်နှင့် ဖုံးထားး၏။

ဝင်း။ "သွားခါနီး ရီရီ့မျက်နှာ ကိုကို မမြင်ရအောင် ဖုံးထားတာလား။ မဟုတ်လျှင် ကိုကို့ကို မကြည့်ချင်လို့လား"

ရီရီသည် တိုး၍ ရှိုက်လာ၏။

ဝင်း။ (အနီးသို့ချဉ်းကပ်၍) "ကိုကိုကျိစားတာပါ ရီရီ။ ကိုကိုသွားမှာကို လွမ်းလို့ဆိုတာသိပါတယ်။ ကိုကိုကလည်း ယောကျ်ားမို့လို့ မငိုကောင်းလို့သာနေရတယ်။ ရီရီငိုတာမြင်တော့ ကိုကိုတောင် ငိုချင်လာပြီ"

ရီရီသည် မလှုပ်မရှားရှိနေရာ မောင်ဝင်းမောင်သည် ဖုံးထားသော လက်ကလေးများကို ယုယစွာဖယ်ရှားလိုက်၏။ ရီရီသည် မောင်ဝင်းမောင်၏မျက်နှာကို မော့ကြည့်ပြီးနောက် ဦးခေါင်းချလျက်နေလေ၏။

"မောင်ဝင်းရေ တွေ့ပြီလားဟေ့၊ ကိုင်း ကိုင်း ခူးတော့မယ်၊ ရီရီ လာဟေ့၊ မေမေ့ ကူရှေ့ဦး"

ဟု ခေါ်လိုက်ရာတွင် ရီရီသည် မျက်နှာကို ကန့်လန့်ကာနှင့် ကတိုက်ကရိုက် သုတ်၍ ထွက်လာရ၏။ မောင်ဝင်းမှာမူ ထမင်းစားပွဲ၌ ခပ်မှိုင်မှိုင် ထိုင်၍ စောင့်နေ၏။

ခူးခပ်ပြီးစီးကြ၍ ထမင်းပွဲ၌ ထိုင်ကြသောအခါ

mgyoe.com

mgyoe.com

ဒေါ်ငြိမ်းလှက ကြိုးစားပမ်းစား ချက်ထားရသော ဟင်းလျာများကို မည်သူမျှ မစားနိုင်ကြချေ။ ပထမ၌ ဒေါ်ငြိမ်းလှသည် မောင်ဝင်းမောင်အား–

"မြိန်မြိန်စားစမ်း မောင်ဝင်းမောင်ရယ်၊ ဒေါ်ဒေါ် တစ်နေ့လုံး တပင်တပန်း ချက်ထားရတာပါ၊ စားစမ်းပါ"

ဟု တိုက်တွန်း၏။ နောက်၌မူကား သမီး၏မျက်နှာနှင့် မောင်ဝင်းမောင်၏ မျက်နှာကိုသာကြည့်ပြီးလျှင် ၄င်းကိုယ်တိုင်လည်း မစားနိုင်တော့ချေ။

ထမင်းစားပြီးကြသည့်နောက် ဧည့်ခန်း၌ဝိုင်းဖွဲ့ကာ ထိုင်နေကြသော်လည်း နှုတ်ဆိတ်လျက် ရှိကြ၏။ နောက်ဆုံး၌ ရီရီသည် ထိုင်ရာမှထ၍–

"နက်ဖြန်မှ ဘူတာရုံရောက်အောင် ရီရီတို့ လိုက်ပို့ဦးမယ်၊ ရီရီခေါင်းကိုက်လွန်းလို့ လှဲနေပါရစေတော့ ကိုကို ခွင့်ပြုပါ"

ဟု ဆိုပြီးလျှင် အိပ်ခန်းသို့ ဝင်သွားလေ၏။

ဒေါ်ငြိမ်းလှသည် ဆေးပေါ့လိပ်ကြီးကိုဖွာလျက် မောင်ဝင်းမောင်၏ ညှိုးငယ်သောမျက်နှာကို အတန်ကြာအောင်စိုက်ကြည့်ပြီးနောက်–

"မောင်ဝင်း မြင်တဲ့အတိုင်းပါပဲ မောင်ဝင်းရယ်၊ ဒေါ်ဒေါ့်သမီးတော့ ရင်ကွဲနာနဲ့ သေမလားတောင် မပြောတတ်ဘူး၊ မောင်ဝင်းမောင်မရှိလျှင် ရှေ့လျှောက်ပြီး ဒေါ်ဒေါ်တော့ အပုံကြီး ခက်တော့မှာပဲ မောင်ရယ်"

ထိုအခါ မောင်ဝင်းမောင်က–

'မိမိ၏စိတ်၌ ရီရီကလွဲ၍ အခြားမိန်းကလေး တစ်ဦးတစ်ယောက်မျှရှိသည်ဟူ၍ပင် အသိအမှတ် မပြုနိုင်ကြောင်း၊ အကြာမြင့်ဆုံးအားဖြင့် လေးနှစ်မျှနေရမည့် အတောအတွင်း ရန်ကုန်မြို့တွင်

mgyoe.com

အခြားမိန်းကလေးတစ်ဦးတစ်ယောက်ကို မော်၍မျှ စေ့စေ့ကြည့်တော့မည်မဟုတ်ကြောင်း၊ မိမိကျောင်းမှ ပြန်ရောက်မည့်အချိန်နှင့် ရီရီအရွယ်ကောင်းကောင်းရောက်မည့်အချိန်မှာ ကိုက်လျက်ရှိကြောင်း၊ ကျောင်းမှပြန်လာသောအခါတွင် လူကြီးမိဘများက အခြားသောမိန်းကလေးများနှင့် မည်မျှပင် နားချစေ့စပ်စေကာမူ ရီရီ့ကိုသာလျှင်တမ်းတစွဲရှိနေတော့မည်ဖြစ်ကြောင်း နောက်ဆုံး၌အရွယ်ရောက်သည်မှစ၍ တွေ့ရသော အချစ်ဦးရီရီကို မည်သည့်နည်းနှင့်မျှ သစ္စာဖောက်ဖို့စိတ်ကူးကြံစည်၍ ရနိုင်မည်မဟုတ်ကြောင်း'

ဖြင့် ရဲဝံ့စွာတာဝန်ခံလေရာ ဒေါ်ငြိမ်းလှမှာလည်း မောင်ဝင်းမောင်၏ ရိုးဖြောင့်တည်ကြည်သော စိတ်သဘောကို ငယ်ငယ်ကတည်းက သိခဲ့ပြီဖြစ်သောကြောင့် လုံးလုံးကြီး ယုံကြည်စိတ်ချသည့်အတိုင်း သမီးအားလည်း စိတ်လည်လာအောင် ချော့မော့ပြောဆိုရစ်ပါမည်ဖြစ်ကြောင်းနှင့် ဝန်ခံလိုက်၏။

ပြန်ခါနီး၌ မောင်ဝင်းမောင်သည် အခန်းဝမှရပ်လျက်–

ဝင်း။ "ကိုကိုသွားဦးမယ်နော် ရီရီ၊ လူကြီးများစကားကို နားထောင်ရစ်နော်"

ရီ။ (ငိုသံပါနှင့်) "စိတ်ချပါ ကိုကို၊ ဒါထက်နက်ဖြန်တော့ ဘူတာရုံကို ရီရီ မလာပါရစေနဲ့တော့ ကိုကို"

ဝင်း။ "ဘာကြောင့်လဲ ရီရီ"

ရီ။ "ကိုယ့်ကိုယ်ကိုယ် စိတ်မချဘူး ကိုကို့ရဲ့။ မီးရထား ထွက်သွားလျှင် ရီရီ ဟစ်ပြီး ငိုမိလိမ့်မယ်"

ဝင်း။ "ကိုင်း ဒီလိုဖြင့်မလာနဲ့တော့၊ စိတ်ကိုတင်းမှပေါ့ ရီရီ၊ ကိုကိုလည်း တစ်နှစ်တစ်ခေါက် လာဦးမှာပဲ၊ သွားတော့မယ် ရီရီ"

ထိုအခါ ရီရီသည် ခုတင်ပေါ်မှဆင်း၍ ကြမ်းပေါ်၌ ဒူးတုပ်

mgyoe.com

mgyoe.com

ကာ ထိုင်ပြီးလျှင်–

"ရီရီ့ဆရာ ရီရီ့အစ်ကိုကြီးကို ရီရီ ကန်တော့လိုက်ပါရစေ ကိုကို"

ဟု ငိုသံပါနှင့်ပြော၍ ကန်တော့ရာတွင် မောင်ဝင်းမောင်သည် လက်ကိုင်ပါဝါနှင့် မျက်စိကိုပွတ်ရင်းငိုသံပါနှင့်–

"မကြာမကြာ စာရေးနော် ရီရီ၊ လိပ်တပ်ပြီး စာအိတ်တွေ ကိုကိုပို့လိုက်မယ်"

ဟု ပြောပြောဆင်းဆင်း ဆင်းသွားလေရာ ရီရီမှာမော့၍မျှ မကြည့်နိုင်တော့ဘဲ ကြမ်းပေါ်တွင်ဝပ်ကာ ရှိုက်လျှက် ကျန်ရစ်ခဲ့လေ၏။

■

mgyoe.com

mgyoe.com

## အခန်း (၄)

လောကဤ လူအမျိုးမျိုးရှိကြသည့်အနက် အဆိုးယုတ်ဆုံးသောတစ်မျိုးမှာ မြေနိမ့်ရာတွင်လှံစိုက်တတ်သော လူစားမျိုးပင်ဖြစ်ချေသည်။ ဝမ်းနည်းဖွယ်ရာသောအချက်မှာ ထိုသို့သောလူမျိုးသည် ကျွန်ုပ်တို့ ထင်သည်ထက် ပိုမိုမြောက်မြားစွာ ရှိနေခြင်းတည်းဟူသော အချက်ပင် ဖြစ်ချေသည်။ အကြင်သို့သော လူမျိုးသည် ကာမာဝစရထောက်ပံ့သဖြင့် ကြီးမြင့်ထွန်းကားသောသူတို့ထံတွင် ဝပ်တွားခယ နှိမ့်ချရိုကျိုးခြင်း ရှိသလောက် ကံမကောင်းအကြောင်းမလှသဖြင့် နွမ်းပါးနိမ့်ကျသော သူတို့အံပေါ်တွင် အတိုးနှင့်ဖိနှိပ်ချင်၏။ ရှုတ်ချချင်၏။ နင်းပြားလုပ်ချင်တတ်၏။

သစ်ကုန်သည် ဦးသန့်စင်နှင့် အိမ်နီးချင်းဖြစ်သော ဝါးကုန်သည် ဦးစံလှဆိုသူမှာ ထိုသို့သောသဘောရှိသူများအနက်တွင် ဘုရင်တင်မြှောက်ထိုက်ပါပေသည်။ ဦးစံလှသည် ဦးသန့်စင်တို့ ကောင်းစားစဉ်အခါ၌မူ ဦးသန့်စင်ထက် တတ်သိလိမ္မာသောသူသည်လည်းကောင်း၊ အမြော်အမြင်ရှိသူသည်လည်းကောင်း၊ စိတ်ကောင်းနှလုံးကောင်းရှိသူသည်လည်းကောင်း၊ ရိုးဖြောင့်သောသူသည်လည်းကောင်း၊ ရက်ရောသောသူသည်လည်းကောင်း၊ ကြင်နာသနား

mgyoe.com

mgyoe.com

တတ်သောသူသည်လည်းကောင်း ရွှေဘိုတစ်မြို့လုံး၌ မရှိသလောက် ချီးမြှောက်ပြောဆိုခဲ့သူ ဖြစ်ချေသည်။ ဦးသန့်စင်၌ စီးပွားဥစ္စာ ပျက်ဆီး ကုန်ခန်းသောအခါ၌မူကား ဦးသန့်စင်မှာ အထက်အောက် မြန်မာ နိုင်ငံတော် တစ်ဝန်းလုံးတွင် အထူဆုံး၊ အပိန်းဆုံး၊ အရက်စက်ဆုံး၊ အယုတ်မာဆုံး ဖြစ်လောက်မတတ် ပုတ်ခတ်ပြောဆိုပြန်လေသည်။

ဦးသန့်စင်သည် မြို့ကလေးတို့၏ထုံးစံအတိုင်း ဦးစံလုက ရှုတ်ချကဲ့ရဲ့ခြင်းများကို တစ်ဆင့်စကား ကြားသိရသောအခါတွင် ဦးသန့်စင်က မိမိထံ လာရောက်တိုင်တန်း ပြောဆိုသူတို့အား–

"ခင်ဗျားတို့လာပြောကြခြင်းဟာ ကျုပ်ကိုမေတ္တာရှိတဲ့အတွက် ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်။ သို့သော် စံလုဘာသာပြောနေလျှင် ကျုပ်ဘာမှမကြားရလို့ စိတ်မကောင်းမဖြစ်ရဘူး။ ခင်ဗျားတို့ လာပြောတဲ့အတွက် ကျုပ်သိရလို့ စိတ်မချမ်းမသာ ဖြစ်ရပြီ။ ဒါကြောင့် ခင်ဗျားတို့ကို စံလုထက်ပိုပြီး ကျုပ်စိတ်ဆိုးတယ်"

ဟု ပြန်ပြောလိုက်၏။ သို့ဖြစ်သောကြောင့် သိစေချင်လို့ ပြောတာပါဟူသော အလုံးမျိုးနှင့် ရန်တိုက်လာသော သူတို့သည် နောက်ထပ် ပြောဆိုခြင်းငှာ မဝံ့ဘဲ ပြန်သွားကြ၏။

ထိုကဲ့သို့ ရှုတ်ချခြင်းမျိုးကို ဦးသန့်စင်သည် ခံနိုင်သော သတ္တိရှိသည့်အပြင် ထိုမျှမကပင်လျှင် သည်းခံနိုင်သေး၏။ ဦးသန့် စင်၏အိမ်နှင့် ဦးစံလု၏အိမ်မှာ ဝင်းထရံမျှသာလျှင် ခြားလျက်ရှိရာ ဦးစံလုသည် ဝင်းထရံကို တဖြည်းဖြည်း တိုးချဲ့၍ သစ်ပင်ကြီးများကို ဝင်းထရံအနီးတွင်ကပ်လျက် စိုက်ပျိုးလေရကား၊ ဝင်းထရံသည် လောက်လေးကိုင်းကဲ့သို့ ကွေ့ကောက်လျက်ရှိ၏။ ထိုအခြင်းအရာကို ဦးသန့်စင် တွေ့မြင်သောအခါ လူကြီးလူကောင်းဖြစ်သည့်အလျောက် စကားနည်းရန်နည်း သဘောထား၍ တစ်တောင်ခန့်မျှသော မြေသည် ၁၀၀၀ဝ လည်း မတန်၊ ၁၀ဝ လည်း မတန်၊ စကားပြောနေရခြင်းသာ

mgyoe.com

လျှင် အဖိုးတန်သည်ဟု နှလုံးပိုက်လျက် ဆိတ်ငြိမ်စွာ သည်းခံနေခဲ့၏။

သို့ရာတွင် ဦးစံလှမှာ သည်းခံမှန်းသိလေ ကဲ၍တက်လေလေဟူသော လူစားမျိုး ဖြစ်ချေ၏။ တစ်နေ့သ၌ ဦးသန့်စင် မရှိခိုက်တွင် ဦးစံလှ၏သားတစ်ယောက်သည် မိန်းမပျိုကလေး ရိရိ ရှိနေသည်ကို မြင်လျက်နှင့် ဝင်းထရံအနီးတွင် ကပ်လျက် ကျင်ငယ်စွန့်သည်ကို ဒေါ်ငြိမ်းလှက မြင်သည်နှင့် မိခင်ဖြစ်သူအား မသင့်တော်ကြောင်း ဆုံးမရန် တိုင်တန်းလေ၏။ ယောကျ်ားကလေး၏မိခင်က မထိတရိ လုပ်နေသောကြောင့် ဒေါ်ငြိမ်းလှက မကျေမချမ်းနှင့် တဖျစ်တောက်တောက် ပြောနေရာတွင် ဦးစံလှက ဝရန်တာမှထွက်လာ၍ ခါးထောက်ကာ ရင်ကိုကော့လျက် စော်စော်ကားကား ပြောလိုက်၏။

ဦးသန့်စင်သည် လည်ရာမှပြန်လာ၍ ဆူဆူညံညံ ကြားသည်နှင့် အိမ်ရှေ့မှရပ်တန့်ကာ နားထောင်လျက်ရှိသည်တွင် ဦးစံလှ၏ နောက်ဆုံးပြောလိုက်သောစကားကို ကြားသည်နှင့်တစ်ပြိုင်နက် လူဖြောင့်စိတ်တိုဟူသော စကားပုံအတိုင်း ဥပဒေသောဘာသောနားမလည်နိုင်ဘဲ ရှေးခေတ်ဆန်ဆန် လူကြီးဖြစ်သည့်အလျောက် ခါးတောင်းကို မြောင်လှအောင် ကျိုက်ပြီးလျှင် ဦးစံလှ၏အိမ်ပေါ်သို့ တက်သွားလေ၏။ ဦးစံလှကမူ ကျယ်ကပ်ကပ်လူတို့၏ ထုံးစံအတိုင်း တကယ့်အရေးကြုံလာသောအခါတွင် မျက်လုံးဝိုင်းလျက်–

"တက်ဝံ့တက်စမ်း၊ ခင်ဗျား ပိုင်နက်ကျူးလွန်မှုနဲ့ တရားစွဲမယ်"

ဟု ခပ်ယို့ယို့နှင့် ပြောလေ၏။ ဦးသန့်စင်ကမူ ကိုးထစ်မျှသောလှေကားကို သုံးလှမ်းမျှနှင့် လှားတက်ပြီးနောက် လက်ကလေးကားရားရှိနေသော ဦးစံလှ၏သျှောင်ကို ကိုင်ဆွဲ၍ ကြမ်းပေါ်သို့လှဲပြီးလျှင်–

mgyoe.com

mgyoe.com

"စော်ကားဦးဟဲ့ ငစံလှ၊ အတင်းပြောဦးဟဲ့ ငစံလှ၊ မြေခိုးဦးဟဲ့ ငစံလှ"

စသည်ဖြင့် ရေရွတ်ဆိုမြည်လျက် ဦးစံလှ၏ကျောကို ၁၀ ချက်ခန့်မျှ ဆင့်၍ဆင့်၍ အားကုန်ထောင်းလေ၏။

ထိုအတောအတွင်း၌ မိန်းမများ၏အော်သံကို ကြားသည်နှင့် ပြေးလာကြသော အရပ်သားများသည် လူကြီးနှစ်ယောက်ကို ဆွဲယူဖျန်ဖြေ၍ ဦးသန့်စင်ကို အိမ်ပေါ်မှ ခေါ်သွားကြလေရာ ဦးစံလှမှာ–

"အမယ်လေး သေပါပြီဗျ။ နံရိုးတွေ ကျိုးကုန်ပါပြီဗျ၊ ခါးရိုးတွေ ကျိုးကုန်ပါပြီဗျ"

စသည်ဖြင့် ညည်းညူကာ ကျန်ရစ်လေ၏။

ထိုနေ့ညနေ၌ ဦးစံလှသည် အမှုကို ကြီးကျယ်စေခြင်းငှာ ဆရာဝန်ကို အိမ်သို့ခေါ်၍ ကုသစေ၏။ နောက်တစ်နေ့၌ ဦးစံလှသည် ဦးသန့်စင်အား ပိုင်နက်ကျူးလွန်မှုနှင့်လည်းကောင်း၊ နာကျင်စေမှုနှင့်လည်းကောင်း ရုံးတော်တွင် တရားစွဲဆိုလေ၏။

အရပ်ထဲမှ လူကြီးများသည် ဂုဏ်သရေရှိ လူကြီးလူကောင်းများ ဖြစ်ကြသည့်အလျောက် ရုံးပြင်ကနားမရောက်စေလိုသဖြင့် နှစ်ဦးနှစ်ဖက်၏ အိမ်သို့ဝင်ထွက်သွားလာ၍ ဖျန်ဖြေရန် ကြိုးစားကြ၏။ နောက်ဆုံး၌ ဦးသန့်စင်က တောင်းပန်ခဲ့လျှင် ကျေနပ်မည်ဖြစ်ကြောင်းနှင့် ဦးစံလှထံမှ စကားရသည်ဖြစ်၍ လူကြီးများသည် ဦးသန့်စင်၏အိမ်သို့သွားပြီးလျှင် တောင်းပန်ဝန်ချဖို့ စေ့စပ်ကြ၏။ ထိုအခါ ဦးသန့်စင်သည် ထိုင်ရာမှ ဝေါက်ခနဲထလိုက်၍–

"သွားကြ သွားကြ၊ ခင်ဗျားတို့ တယ်တရားတဲ့ လူတွေပဲ။ ခင်ဗျားတို့သာ ခင်ဗျားတို့သမီး စော်ကားတဲ့လူကို သွားတောင်းပန်ချေ။ ကျုပ် မတောင်းပန်ဘူး။ အစိုးရ အပြစ်ပေးလို့ ထောင်ချလျှင် ခံမယ် စက်တိုင်တက်ဆိုလျှင် တက်မယ်။ ဒီအကောင်ကို ကျုပ်

mgyoe.com

mgyoe.com


မတောင်းပန်ဘူး။ သွားကြ ခင်ဗျားတို့"

ထိုအခါ လူကြီးတစ်ယောက်က–

"ရုံးမင်းသည် နှုတ်ဖြင့် ကျူးလွန်ခြင်းထက် လက်ထိလက်ရောက် ကျူးလွန်ခြင်းကို သာ၍ အရေးယူမည် ဖြစ်ကြောင်း..."

နှင့်ပြောမည်ပြုရာတွင် ဦးသန့်စင်သည် ထိုလူကြီးကို ဦးစံလှနည်းတူ ပြတော့မည့်လက္ခဏာနှင့် ရှေ့သို့ ခြေတစ်လှမ်း လှမ်းလိုက်လေရကား အားလုံးသောလူကြီးများသည် အိမ်ပေါ်မှဆင်းပြေးကြလေ၏။

■

mgyoe.com

mgyoe.com

# အခန်း (၅)

ဦးစံလှသည် ဦးသန့်စင်ကို ရုံး၌ တရားစွဲဆိုပြီးနောက် ကြေးငွေအတော်အတန် ခိုင်လုံသူတစ်ယောက် ဖြစ်သည့်အတိုင်း ဝတ်လုံတော်ရကို ငှားခြင်းဖြင့် အမှုကို တတ်နိုင်သမျှ ကြိုးကျယ်အောင် စီစဉ်လေ၏။ ဆရာဝန်က ဦးစံလှ၏ နံရိုးတစ်ချောင်း ကျိုးလုမတတ် ရှိနေကြောင်းနှင့် အစီရင်ခံ၍ ပုလိပ်အရာရှိများသည်လည်း ဦးသန့်စင်အား သူပုန်ကြီးတစ်ယောက်ကဲ့သို့ အရေးယူလျက်ရှိ၏။ ဦးသန့်စင်မှာ နွမ်းပါးသူဖြစ်သောကြောင့် ရှေ့နေမျှကိုပင် မငှားနိုင်ဘဲရှိနေရာ မျက်နှာလိုက်သော အရပ်သူ အရပ်သားများအနက်မှလည်း ဦးသန့်စင် အတွက် အာမခံဝံ့မည့်သူ မရှိသောကြောင့် ဦးသန့်စင်မှာ အချုပ်နှင့် နေရရှာ၏။

မျက်နှာမွဲသဖြင့် ခိုကိုးရာမဲ့ဖြစ်နေရှာသော ရီရီသည် ကောလိပ်ကျောင်း၌ရှိနေသော မောင်ဝင်းမောင်ထံ အဖြစ်အပျက်ကို စာရေး အကြောင်းကြားရုံမှတစ်ပါး မည်သို့မျှ ပြုလုပ်ရန် မတတ်နိုင် ရှာချေ။ မောင်ဝင်းမောင်၏ဖခင် တောအုပ်ဦးသိန်းဖေတို့မှာ တစ်လမ်း ခြားလျက်ရှိသည့်ပြင် အကျွမ်းတဝင်လည်း မရှိဖူးသောကြောင့် အကူ အညီတောင်းရန် ခဲယဉ်းလှ၏။ သို့ဖြစ်၍ ရီရီ၏စိတ်ထဲ၌ငါ၏ဖခင်

mgyoe.com

ဒုက္ခရောက်ခြင်းမှာ ငါမွေးလာသည့်အတွက်ဖြစ်သောကြောင့် ငါသည် လောက၌ ဒုက္ခကောင်မ တစ်ယောက်ဖြစ်ချေသလောဟု ပထမအကြိမ် တွေးတောမိ၏။ နောင်ဖြစ်ပွားလတ္တံ့သော အခြင်းအရာတို့ကို ထောက်သည်ရှိသော် ၄င်းတွေးတောချက်မှာ ရှေ့တော်ပြေးကလေး မျှသာ ဖြစ်သည်ဟု ဆိုဖွယ်ရာရှိချေ၏။

ညနေခင်းနှင့် နံနက်ခင်းအချိန်များ၌ ဖခင်အတွက် ထမင်း ထုပ်ကလေး ပို့လာသော ရီရီကို မြင်ကြရသောအခါ ပုလိပ်သားများ ပင်လျှင် မသနားဘဲ မနေနိုင်ကြချေ။ များစွာသော မိန်းမပျိုကလေး တို့မှာ ဌာနသို့ တစ်ယောက်တည်းဝင်ရန် ရှက်ခြင်း ရွံ့ကြောက်ခြင်း ဖြစ်ကြမည်မှန်သော်လည်း အပြစ်ကင်းစင်ခြင်းသည် ရဲတင်းခြင်းကို ဖြစ်စေသည်ဟူသော အင်္ဂလိပ်စကားပုံအတိုင်း စိတ်နှလုံးဖြူစင်သော ရီရီသည် မိမိအား စော်ကားဝံ့မည့်သူ ရှိမည်ဟူ၍ မထင်မှတ်ချေ။ ထိုသို့ ထင်မှတ်သည့်အတိုင်းလည်း မျက်နှာပြောင်လှသော ပုလိပ် သား တစ်ယောက်ပင်လျှင် ပြက်ရယ်ပြောင်လှောင်ခြင်းပြုဖို့ မဝံ့အောင် ထောက်ထားခြင်း ရှိရတော့၏။ ကြောက်ရွံ့သောကြောင့်မဟုတ်၊ သနားကြင်နာခြင်း နှမချင်းမစာနာဘဲ မနေနိုင်ခြင်းတို့ကြောင့် ဖြစ် ချေ၏။

ဤအမှု၌ တစ်ဖက်အမှုသည်မှာ မျက်နှာရှိသည့်ပြင် ငွေ ကုန်ကြေးကျလည်း ခံလျက်ရှိရာ တစ်ဖက်ကမူ ရှေ့နေ့ကိုမျှ မငှား နိုင်သည့်ပြင် အာမခံမည့်သူပင်လျှင် မရှိအောင် ဖြစ်လေရကား စွဲထားသောပုဒ်မနှင့် ထိုက်တန်သလောက် အလေးနက်ဆုံးသော အပြစ်ဒဏ်ကို ခံရတော့မည် မုချကဲ့သို့ ရှိနေ၏။ အာမခံမည့် လူများမှာ မျက်ရည်စက်လက်နှင့် ငိုယိုကာ တောင်းပန်ရှာကြသော သားအမိနှစ်ယောက်ကို ငြင်းဆန်နိုင်ကြသည်မှာ အံ့သြဖွယ်ရာတစ်ခု ဖြစ်ချေ၏။ သို့ရာတွင် ခိုင်လုံသူတစ်ယောက် မျက်စောင်းထိုးခြင်းကို

mgyoe.com

အလိုလိုစိမ့်၍ ကြောက်သောသူတို့လည်း လောက၌ များစွာရှိချေ၏။

ထိုသို့သော အကျဉ်းအကျပ်ကျနေစဉ် တစ်နေ့သ၌ လူကြီးတစ်ယောက်သည် မြင်းရထားတစ်စီးနှင့် ဆိုက်ရောက်လာ၍ ထိုအရပ်ထဲ၌ တစ်အိမ်နှစ်အိမ်မျှ မေးမြန်းပြီးလျှင် မြင်းရထားသည် ရီရီတို့အိမ်ရှေ့၌ ရပ်တန့်လေ၏။ ရီရီကထွက်၍ မေးမြန်းသောအခါ လူကြီးက–

"သစ်ကုန်သည် ဦးသန့်စင်အိမ် မဟုတ်လား တူမကြီး"

ရီ။ "ဟုတ်ပါတယ်ရှင်"

လူကြီး။ "မေးလိုက်ရတာကွယ်၊ မိန်းကလေးက ဦးသန့်စင်သမီးလား"

ရီ။ "မှန်ပါတယ်ရှင်"

လူကြီး။ "မိန်းကလေးအဖေ ရှိသလား"

ရီ။ (မျက်နှာပျက်လျက်) "အဖေတော့ မရှိသေးဘူး၊ ဆင်းပါဦးဘကြီး ရှင်"

လူကြီး။ "ဆင်းရုံ ဘာကမလဲ။ မင်းတို့အိမ်မှာ တည်းဖို့လာတာပဲ"

ထို့နောက် လူကြီးသည် ပစ္စည်းများကို မြင်းရထား ကုလားအား အိမ်ပေါ်သို့ သယ်တင်စေ၍ ရီရီနှင့်အတူ အိမ်ပေါ်သို့ တက်လေ၏။

ဒေါ်ငြိမ်းလှသည် ဧည့်သည်၏ ပစ္စည်းများကို နေရာတကျချထားစေ၍ ဧည့်ခန်း၌ထိုင်ကာ ဧည့်သည်နှင့် စကားပြောကြရာတွင် အောက်ပါအတိုင်း သိရှိရလေ၏။

ဧည့်သည်မှာ မန္တလေးမြို့မှ ဝတ်လုံတော်ရကြီး ဦးဘကျော်ဖြစ်ကြောင်း၊ ဦးသန့်စင်နှင့် ငယ်သူငယ်ချင်းဖြစ်ကြောင်း၊ မိမိစုဆောင်းရရှိသော ငွေကြေးများကို လယ်များဝယ်ထားရန် အကြံရှိသည်နှင့် ရွှေဘိုမြို့သို့ လယ်ဝယ်ရန် လာရောက်ခြင်း ဖြစ်ကြောင်း၊

mgyoe.com

အခြားသော ဝတ်လုံမိတ်ဆွေများအိမ်၌ တည်းခိုနိုင်သော်လည်း ကျောင်းသားအရွယ်မှ ကွဲကွာသွားကြသော သူငယ်ချင်း ဦးသန့်စင်နှင့် တွေ့လိုသည်ဖြစ်၍ ၄င်းနေအိမ်သို့ တမင်လာရောက်ခြင်း ဖြစ်ကြောင်းများနှင့် ပြောဆိုလေ၏။ ၄င်းနောက် ဧည့်သည် ဦးဘကျော်သည် ဦးသန့်စင်အကြောင်းကို မေးမြန်းရာတွင် ဒေါ်ငြိမ်းလှသည် ဦးစံလှနှင့် ဖြစ်ပွားသော အမှုအကြောင်းကို ပြောပြပြီးနောက် ဦးသန့်စင်မှာ အာမခံမည့်သူမရှိသောကြောင့် အချုပ်နှင့်ပင်နေရကြောင်းဖြင့် မျက်ရည်စက်လက်နှင့် ပြောပြလေ၏။

ထိုအခါ ဦးဘကျော်သည် မိမိ၏ ညီရင်းအစ်ကိုရင်း၌ ကြုံတွေ့သော ဒုက္ခကို ကြားရဘိသကဲ့သို့ ချက်ချင်းပင် ထိုင်ရာမှထ၍ ယနေ့ပင် လွတ်မြောက်အောင် ကြံဆောင်ချေအံ့ဟု သားအမိနှစ်ယောက်ကို အားပေးစကား ပြောကြားခဲ့ပြီးနောက် ရုံးသို့ ချက်ချင်းလိုက်သွားလေရာ သားအမိနှစ်ယောက်တို့မှာ ဦးဘကျော်၏ ခြေကိုဖက်ချင်မတတ် ဖြစ်နေရစ်ကြလေ၏။

ဦးဘကျော်သည် ရုံးဆင်းလုဆဲဆဲအချိန်တွင်မှ ရုံးသို့ရောက်သော်လည်း တရားသူကြီးနှင့် မျက်နှာနာပြီးဖြစ်သောကြောင့် ဦးသန့်စင်အတွက် အာမခံရှာခြင်း၊ အာမခံပေးခြင်း၊ ဂါတ်ထဲမှ ထုတ်ယူခြင်း၊ အစရှိသောအလုပ်များကို နာရီဝက်ခန့်အတွင်းတွင် ပြီးစီးအောင် ဆောင်ရွက်လေ၏။ စာရေးများသည်လည်း ဦးဘကျော်အတွက် ဆောင်ရွက်ကြသောအခါတွင် ကြာပွတ်နှင့်ရိုက်၍ ခိုင်းစေဘိသကဲ့သို့ ပုံစံများ ရေးကူးခြင်း၊ မှတ်ပုံတင်ခြင်းစသော အလုပ်များကို သွက်လက်ဖျတ်လတ်စွာ လုပ်ကိုင်ပေးကြလေ၏။ သို့ဖြစ်သောကြောင့် ထိုနေ့ ညနေ ၅ နာရီကျော်အချိန်ခန့်တွင် ဦးသန့်စင်သည် ဦးဘကျော်နှင့်အတူ မြင်းရထားမှဆင်း၍ သားမယားများနှင့် ပေါင်းစည်းမိကြလေ၏။

mgyoe.com

ဦးဘကျော်သည် လယ်ဝယ်ရန်လာခဲ့သော ကိစ္စကို ချိတ်ထား၍ ဦးသန့်စင်၏အမှုကို ကိုယ်တိုင်လိုက်ပါ လျှောက်လဲလေ၏။ တရားဆိုင်သောနေ့၌ ဦးဘကျော်သည် ငွေ ၁၀၀၀ ကျော်ကျော် ၂၀၀၀ ပေး၍ ငှားသော အမှုမျှမက ဦးသန့်စင်အတွက် အထူးကြိုးစားအားထုတ်၍ လျှောက်လဲလေ၏။ ဦးသန့်စင်က တစ်ဖက်သတ် သက်ထောင်းခြင်းကို မျက်မြင်သက်သေ မရှိကြောင်းကိုလည်းကောင်း၊ ရှိနေသောသက်သေများမှာလည်း တရားလို၏ မယားနှင့်သားများသာဖြစ်၍ မယုံကြည်ထိုက်ကြောင်းကိုလည်းကောင်း၊ အကယ်၍ ဟုတ်ခဲ့စေကာမူ မိမိတို့၏သမီးကို ထိုကဲ့သို့ ရိုင်းပြစွာစော်စော်ကားကား ပြောဆိုသောအခါ၌ အရှက်ရှိတတ်သောဖခင် သတ္တိရှိသော ဖခင်ဟူသမျှသည် ဤကဲ့သို့ ပြုကြမည်သာလျှင် ဖြစ်ကြောင်းကိုလည်းကောင်း၊ ကျူးလွန်ခြင်းမှာလည်း လက်နက်စွဲကိုင်လျက် မဟုတ်ဘဲ လက်ချည်းသက်သက်ဖြစ်သည်ပြင် ယောကျ်ားချင်း၊ တစ်ယောက်ချင်းလည်းဖြစ်သောကြောင့် ယောကျ်ားပီသသောသူဖြစ်ခဲ့ပါလျှင် ဤသို့သောအမှုမျိုး၌ တရားတပေါင်စွဲဆိုခြင်းပင်လျှင် ပြုမည်မဟုတ်ကြောင်းကိုလည်းကောင်း လေးနက်စွာလျှောက်လဲလေ၏။

တရားသူကြီးသည် တရားခံရှေ့နေ၏ လျှောက်လဲချက်များကို နှစ်သက်ဟန်ရှိသော်လည်း ဥပဒေဆိုသည်မှာ အဘယ်ကြောင့်ကျူးလွန်သည်ကို မထောက်ထားနိုင်ဘဲ ကျူးလွန်သည်၊ မကျူးလွန်သည်ကိုသာလျှင် နှိုင်းချိန်ဆုံးဖြတ်ရမည်ဖြစ်သောကြောင့် ဦးသန့်စင်မှာ ယခုအမှု၌ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသည်ဖြစ်၍ ဒဏ်ငွေ ၂၅ ကျပ် ပေးဆောင်ရန် စီရင်ချက် ချမှတ်လိုက်၏။

ဦးဘကျော်သည် ဒဏ်ငွေ ၂၅ ကျပ်ကို ချက်ချင်းပင်ထုတ်၍ ဆောင်ပြီးနောက် ဦးသန့်စင်နှင့်အတူ နေအိမ်သို့ ပြန်လာကြ

mgyoe.com

လေ၏။ ရှိရှိတို့သားအမိနှစ်ယောက်မှာ ဤကိစ္စအတွက် ဦးဘကျော်အား မည်မျှလောက် ကျေးဇူးဥပကာရတင်ရှိကြောင်းကို ထုတ်ဖော်ရေးသားရန် မလိုတော့ချေ။

■

mgyoe.com

mgyoe.com

# အခန်း (၆)

အထက်ပါအခြင်းအရာတို့ ဖြစ်ပျက်ပြီးသည့်နောက် ၆ လခန့်ကြာလတ်သော် ဝတ်လုံတော်ရ ဦးဘကျော်သည် ရွှေဘိုမြို့သို့ ဒုတိယအကြိမ် လာရောက်ပြန်၍ ဦးသန့်စင်၏အိမ်၌ပင် တည်းခိုလေ၏။ ဦးသန့်စင်မှာမူ စီးပွားဖြစ်ထွန်းစဉ်အခါကကဲ့သို့ သစ်တောကြီးများကို တစ်တောလုံး လေလံမဆွဲနိုင်တော့ဘဲ ကော်လဲနတ်သတ်ဟုခေါ်သော ကျွန်းသစ်ကလေးအနည်းငယ်မျှကိုသာလျှင် ကူးသန်းရောင်းဝယ်နိုင်ချေတော့၏။ သို့ဖြစ်၍ သူငယ်ချင်း ဦးဘကျော်အားငှင်း၏ ဂုဏ်နှင့်ထိုက်တန်အောင် မပြုစုနိုင်သဖြင့် ဝမ်းနည်းကြောင်းနှင့် ပြောဆိုသောအခါ ဦးဘကျော်က သူငယ်ချင်း၏ နွမ်းပါးသောအဖြစ်ကိုသိရှိ၍ ကူညီစောင့်ရှောက်ရန်အတွက် တမင်သက်သက် ယခုတစ်ကြိမ်လာခဲ့ကြောင်းနှင့် ပြောဆိုလေ၏။ ရီရီတို့ သားအမိနှစ်ယောက်မှာမူ ဦးဘကျော်က ရှေ့အဖို့၌ စောင့်ရှောက်သည်ဖြစ်စေ မစောင့်ရှောက်သည်ဖြစ်စေ ပြုခဲ့ပြီးသော ကျေးဇူးအတွက်ကြောင့် ဆပ်၍မကုန်နိုင်သော ကျေးဇူးရှင်ကြီးသဖွယ် သဘောထားလျက်

mgyoe.com

mgyoe.com

ပျူငှာစွာ ဝတ်ကြီးဝတ်ငယ် ပြုကြလေ၏။

ထိုညဉ့်၌ မိန်းမများ အိပ်ရာဝင်ကြ၍ သူငယ်ချင်း နှစ်ယောက်တို့သည် ဧည့်ခန်း၌ထိုင်ကာ ရှေးဟောင်းနှောင်းဖြစ်များကို ပြောလျက်ရှိကြစဉ်–

ကျော်။ "သူငယ်ချင်းရယ် ကျုပ် တစ်ခုပြောချင်တယ်"

သန့်။ "ဘာအကြောင်းများလဲ သူငယ်ချင်း"

ကျော်။ "တခြားမဟုတ်ဘူး၊ သားရေးသမီးရေးပဲ သူငယ်ချင်း။

ကျုပ်မှာ သားတစ်ယောက် သမီးတစ်ယောက် ရှိတယ်၊ ပစ္စည်းက အရပ်ရပ်က သုံးလေးသောင်းလောက် ရှိတယ်ဆိုပါတော့။ ဒီတော့ သင်းတို့ တစ်ယောက် နှစ်သောင်းခန့်စီလောက် ရဖို့ရှိတယ်။ ဖိတ်ချင်းဖိတ် အိတ်ထဲဖိတ်ဆိုတာလို ကိုယ်ရှာတဲ့ပစ္စည်းကို စားချင်းစားလျှင် သူငယ်ချင်းသမီး စားရလျှင် ကျုပ်ကြည်ဖြူတာပဲ။ ဒါထက် ရီရီမှာ စေ့စပ်ထားတာများ ရှိနှင့်သလား"

သန့်။ "မရှိပေါင် သူငယ်ချင်း"

ကျော်။ "ဒါဖြင့် ကျုပ်ပြောတာ ဘယ်နှယ့်လဲ"

သန့်။ "သားက ဘာအလုပ်အကိုင်ရှိပါသလဲ"

ကျော်။ "ခုတော့ မရှိသေးဘူး သူငယ်ချင်း။ စားနေစရာ ရှိတဲ့လူတော့ ကိစ္စမရှိလှဘူး။ ဖြည်းဖြည်းတော့ အလုပ်ရှာနိုင်ပါတယ်။ ကျုပ်သဘောက ရီရီလို လိမ္မာရေးခြားရှိတာကလေးနဲ့ ပေးစားလိုက်ရလျှင် ကျုပ်သားဟာ သေသေဝပ်ဝပ် ရှိသွားလိမ့်မယ်ထင်လို့ပဲ"

သန့်။ "ကိုရင့်သားက မိုက်လို့လား"

ကျော်။ "မိုက်တော့ မိုက်ရိုးလားလေ၊ ရီရီလိုတော့ မလိမ္မာလှဘူးပေါ့။ သို့သော မယာကျားကလေးပေကိုး ကိုရင်"

သန့်။ "သင့်လျော်ပါရဲ့။ သို့သော် သူ့အမေကို ကျုပ်တိုင်ပင်

mgyoe.com

mgyoe.com

ပါရစေဦးလေ၊ အလျှင်မလိုပါနဲ့"

နောက်တစ်နေ့၌ ဦးသန့်စင်သည် ရီရီ၏ထိမ်းမြားရေးကိစ္စကို ဒေါ်ငြိမ်းလှနှင့် တိုင်ပင်လေ၏။ ဦးသန့်စင်က မိမိတို့၏ ယခုအခြေအနေနှင့် ကြည့်ရသည်ရှိသော် ဦးဘကျော်ကဲ့သို့ ပုဂ္ဂိုလ်တစ်ဦး၏ သားတစ်ယောက်က စေ့စပ်လာခြင်းမှာ ရီရီအဖို့ ကံကောင်းထောက်မသည်ဟူ၍ ဆိုထိုက်ကြောင်း၊ ဦးဘကျော်မှာ ဂုဏ်သရေရှိသူတစ်ယောက်ဖြစ်သည့်ပြင် သားသမီးတစ်ယောက်ယောက်အတွက် ငွေနှစ်သောင်းခင်းမျှ စုဆောင်းပြီးရှိသည်ဟုပြောကြောင်း၊ အကယ်၍ ပိုက်ဆံကြေးငွေပင် မရှိစေကာမူလည်း ငယ်သူငယ်ချင်း အချင်းချင်း၏ သားသမီးဖြစ်သောကြောင့် နောင်အရှည်အဖို့၌ တစ်ကြောင်းမထောက် တစ်ကြောင်းထောက်ဟူသော စကားအတိုင်း တစ်ဦးနှင့်တစ်ဦး သည်းခံ၍ ကြာရှည်လေးမြင့် ပေါင်းသင်းဆက်ဆံကြဖို့ မျှော်လင့်ဖွယ်ရာရှိကြောင်းများနှင့် ပြောဆိုတိုင်ပင်လေ၏။

ထိုအခါ ဒေါ်ငြိမ်းလှက–

"ဦးဘကျော်မှာ ပိုက်ဆံရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဦးသန့်စင်ကိစ္စတုန်းက ဆောင်ရွက်ပေးပုံ တစ်ခုတည်းနှင့်ပဲ ကျွန်မက ကျေနပ်ပါတယ်၊ စိတ်တူပါတယ် ဦးသန့်စင်။ သို့သော် အလာ ကောင်းသော်လည်း အခါနှောင်းတယ်ဆိုတဲ့ စကားလို ဖြစ်နေပြီ ဦးသန့်စင်"

သန့်။ (အံ့ဩစွာနှင့်) "အလို မယ်ငြိမ်းက ဘယ်သူ့စကားများ လက်ခံပြီးနှင့်လို့ဟာလဲ။

ငြိမ်း။ "တခြားလူ ဟုတ်ရိုးလား ဦးသန့်စင်။ ဦးသိန်းဖေရဲ့သား မောင်ဝင်းမောင်ပေါ့၊ ရန်ကုန်သွားခါနီးမှာ..."

သန့်။ "တန်တော့ တန်တော့၊ ကျုပ်ကို ရှေ့ဆက်မပြောနဲ့တော့။ မယ်ငြိမ်းက ဘာလင်ဆီများသွားပြီး အိပ်ပျော်နေတယ် မဆို

mgyoe.com

နိုင်ဘူး။ မောင်ဝင်းမောင်ကို မုဆိုးချုံက စက်ပိုင် ဦးကျိုးညိုရဲ့သမီးနဲ့ ပေးစားမယ်ဆိုတာ တစ်မြို့လုံးပြောနေကြတာ ဆူလို့၊ မယ်ငြိမ်း မကြားမိဘူးလား"

ငြိမ်း။ "အလကား ပြောကြတာပါ ဦးသန့်စင် မယုံပါနဲ့"

သန့်။ "မယ်ငြိမ်းက တယ်သိသကိုး။ ဟိုကောင်ကလေး ကျောင်းဆက်ပြီးနေနိုင်တာ ဘယ်သူကြောင့်မှတ်သလဲ။ ဦးသိန်းဖေ လခကလေးနဲ့ ကျောင်းသားသုံးလေးယောက် ကျောင်းထားတဲ့အပြင် တစ်ယောက်ကို ကောလိပ်ကျောင်းပို့နိုင်မယ်လို့ ထင်သလား၊ အကျွာကြီး မယ်ငြိမ်းရဲ့။ ဦးကျိုးညိုက ကျောင်းစရိတ်အတွက် လစဉ်တစ်ဝက် ထောက်နေလို့ ပို့နိုင်တာတဲ့ကွဲ့"

ငြိမ်း။ "ရှင်က ဘယ်က ကြားသလဲ"

သန့်။ "အောင်သွယ်လုပ်ပြီး လာစပ်ပေးတဲ့ ဦးပြည်စိုးက ကျုပ်ကို ပြောသွားတယ်"

ငြိမ်း။ "ဟင် ဒီလိုဖြင့် ကျုပ်တို့သမီးလေး ခက်ကုန်ပြီ"

သန့်။ "ဘာကြောင့်လဲ မယ်ငြိမ်းရဲ့"

ငြိမ်း။ "သူတို့ချင်း စုံမက်နေတာကြာပြီကော ဦးသန့်စင်၊ ရှင့်မျက်စိက ဘာများကြည့်နေပါလိမ့်"

သန့်။ "သမီးအုပ်ထိန်းဖို့က မိန်းမတာဝန်ကိုး မယ်ငြိမ်း"

ငြိမ်း။ "အုပ်ထိန်းတယ်ဆိုတာ လွန်လွန်ကျူးကျူးမဖြစ်ရအောင် မမှားရ မယွင်းရအောင်သာ တတ်နိုင်တယ်ဦးသန့်စင်၊ သူတို့စိတ်ထဲက စုံမက်တာတော့ ဘယ်မှာ ကျုပ်တတ်နိုင်ပါ့မလဲ"

သန့်။ "ဒါတော့ မှန်ပေတယ်။ လွန်လွန်ကျူးကျူး မဟုတ်ကြသေးလျှင်"

ငြိမ်း။ "မလွန်ကျူးတာတော့ မပြောနဲ့၊ ချစ်ကြိုက်ကြောင်းကို ဖွင့်ဟလို့တောင် ပြောဖူးကြသေးတယ် မထင်ဘူး"

mgyoe.com

mgyoe.com

သန့်။ “ဒီလိုဖြင့် တော်ပါသေးရဲ့ မယ်ငြိမ်းရယ်”

ငြိမ်း။ “တတ်နိုင်လိုက်တဲ့ လူကလေးတော်၊ သွားခါနီးဘောင်
ကျုပ်ကို လိမ်သွားသေးတယ် နေနှင့်ဦး ကျုပ်ကလေ...”

သန့်။ “ဒါတွေ တော်စမ်းပါ မယ်ငြိမ်းရယ်၊ ရှေ့အဖို့သာပြောကြ
စမ်းပါစို့။ ကျုပ်တို့အကြံကို ရီရီက လက်ခံပ့ါမလား”

ငြိမ်း။ “ကျုပ်သမီးသဘောကို ကျုပ်သိတယ် ကိုသန့်စင်။ ရှင်
ကြားတဲ့စကား မှန်တယ်ဆိုလျှင်တော့ ကျုပ်တို့စကားကို နားထောင်ဖို့
ရှိတယ်။ နို့မဟုတ်ရင်တော့ ဝတ်လုံသားမဆိုထားနဲ့ ဧကရာဇ်ရဲ့သား
ကို လက်ခံမယ် မထင်ဘူး”

သန့်။ “ဒါဖြင့် ဘယ်နှယ့်လုပ်ပ”

ငြိမ်း။ “ဒီလိုလုပ်ကြစို့၊ ရှင်က ဦးဘကျော်နဲ့ မန္တလေးလိုက်သွား
ပြီး သူ့သားကိုကြည့်ချေ။ ကျုပ်နဲ့ ရီရီက ဦးကျီးညိုတို့အိမ်ကို
လည်ရင်းပတ်ရင်းသွားပြီး ကျုပ်တို့မိန်းမဉာဏ်နဲ့ တီးခေါက် စုံစမ်း
ခဲ့မယ်။ သူ့မိန်းမ မသင်းကြိုင်နဲ့ ကျုပ်နဲ့ သူငယ်ချင်းပဲ”

သန့်။ “ကောင်းတယ်ဟော့ မယ်ငြိမ်းအကြံ။ ရီရီ မသိသေးဘူး
ဟုတ်လား”

ငြိမ်း။ “ဘယ်ကသိစေလို့ တော်မလဲ၊ သိလျှင် လိုက်တောင်လိုက်
မှာ မဟုတ်ဘူး။ ကျုပ်ကို့ကိစ္စကိုလည်း ဦးဘကျော် မသိစေ
နဲ့ဦးနော်”

သန့်။ “စိတ်ချပါ။ ကျုပ်တို့ကိစ္စတုန်းက ဒီလောက်မရှုပ်ထွေးဘဲနဲ့
သမီးရေးကျတော့မှ လူကြီးဘန်မဲ့နဲ့ ပုန်းလျှိုးကွယ်လျှိုး
ကြံလိုက်စည်လိုက်ရတာ မယ်ငြိမ်းရယ်”

■

mgyoe.com

mgyoe.com

# အခန်း (၇)

နောက်တစ်နေ့၌ သားအဖသုံးယောက်တို့သည် ဝတ်လုံတော်ရ ဦးဘကျော်နှင့်အတူ မီးရထားစီးနင်းလိုက်ပါလာကြ၍ မီးရထားသည် မုဆိုးချုံဘူတာသို့ ဆိုက်ရောက်သောအခါတွင် ရီရီတို့သားအမိလည်း ရထားမှ ဆင်းနေရစ်ခဲ့ကြလေရာ ဦးဘကျော်နှင့် ဦးသန့်စင်တို့မှာမူ မန္တလေးသို့ ဆက်လက်စီးနင်းလိုက်ပါ သွားကြလေကုန်၏။ ဦးဘကျော်သည် ရီရီကိုမြင်ရတိုင်း သူငယ်မကလေး၏ ပိပြားသေဝပ်သပ်ရပ် သိပ်သည်းသော အမူအရာကို နှစ်သက်လှသည်ဖြစ်သောကြောင့် သမီးကလေး၏ အကြောင်းကို ဖခင်အား ထပ်ခါထပ်ခါ ချီးမွမ်းပြောဆိုသွားလေရာ မိဘတို့မည်သည်မှာ သားသမီးတို့၏ ကောင်းကြားကို ကြားရ၍ နားမဝနိုင်သော ထုံးစံအတိုင်း ဦးသန့်စင်သည် တပြုံးပြုံးနှင့် လိုက်သွားလေ၏။

ရီရီတို့သားအမိသည် ဦးကျီးညို၏စက်ဝင်းသို့ ဆိုက်ရောက်ကြသောအခါ စက်ပိုင်ကတော် ဒေါ်သင်းကြိုင်သည် နေရပ်ပင်မဝေးသော်လည်း လုပ်ငန်းချင်း မဆက်သွယ်သည့်အတွက်ကြောင့် နှစ်ပေါင်းများစွာ ကွဲကွာလျက်ရှိသော ကျောင်းနေဖက်သူငယ်ချင်း ဒေါ်ငြိမ်းလှအား ဝမ်းမြောက်ဝမ်းသာ ခရီးဦး ကြိုဆိုလေ၏။

mgyoe.com

mgyoe.com


ဦးကျီးညိုမှာမူ ကိစ္စတစ်ခုနှင့် ဝက်လက်သို့ သွားနေခိုက်ဖြစ်သဖြင့် နေအိမ်၌ မရှိ ချေ။ ဒေါ်သင်းကြိုင်သည် သမီး မသန်းညွန့်ကိုခေါ်၍ ရီရီနှင့် မိတ်ဖွဲ့ပေးလျက် သူငယ်ချင်းမိဘများ၏ သမီးများဖြစ်ကြ သည့်အားလျော်စွာ မိတ်ရင်းဆွေရင်း ညီအစ်မအရင်းကဲ့သို့ သဘော ထားကြပြီးလျှင် လူကြီးများ ကွယ်လွန်သည့်နောက်၌ပင် တစ် ယောက်ကိုတစ်ယောက် ကူညီစောင့်ရှောက်၍ ရင်းနှီးစွာ ဆက်ဆံ ရစ်ကြဖို့အကြောင်းများနှင့် မှာထားသွန်သင်လေ၏။

ရီရီနှင့် မသန်းညွန့်တို့မှာလည်း ဘဝရေစက်ဆုံစည်းခဲ့ကြ သည့် လက္ခဏာနှင့် တစ်ယောက်ကိုတစ်ယောက် မြင်လျှင်မြင်ချင်း ချစ်ကျွမ်းတဝင် ရှိနေကြပြီးလျှင် ၅ မိနစ်ခန့်မျှ အတွင်းတွင် တစ် ယောက်၏ခါးကို တစ်ယောက်ဖက်ကာ အိမ်ပေါ်သို့ တက်သွားကြ၍ မသန်းညွန့်သည် ရီရီကို မိမိ၏အခန်းသို့ တွဲခေါ်သွားလေ၏။ မိခင် နှစ်ယောက်တို့မှာမူ သမီးနှစ်ယောက်တို့၏ ချစ်ကျွမ်းဝင်ကြခြင်းကို ကြည်နူးစွာကြည့်ကြလျက် တစ်ယောက်၏မျက်နှာကို တစ်ယောက် ကြည့်ကာ ပြုံးမိကြလေ၏။

ငြိမ်း။ "မသန်းညွန့် အသက် ဘယ်လောက်ရှိပြီလဲ၊ မကြီးသင်း"

သင်း။ "ရှေ့တပေါင်းလကျလျှင် ၁၈ နှစ်တင်းတင်း ပြည့်တော့ မယ်"

ငြိမ်း။ "ဒါဖြင့် ရီရီထက် နှစ်နှစ်ခွဲလောက် ကြီးတာပေါ့"

သင်း။ "ရီရီဆိုတဲ့အလိုက် မျက်နှာကလေးက ပြုံးပြုံးကလေးနဲ့

သူ့အလုံး သူ့အရပ်လေးက ပျပ်ပျပ်ကလေး ချစ်စရာ ကောင်းလိုက်တာ မယ်ငြိမ်းရယ်။ သမီးတစ်ယာက်ဆိုလည်း ဆို သလောက် မွေးလည်း မွေးတတ်ပါပေ့တော်"

ငြိမ်း။ "မသန့်ညွန့်ကလည်း သေးသေးနွဲ့နွဲ့ကလေးနဲ့ တစ်မျိုး ကြည့်ကောင်းတာပါပဲ၊ မကြီးသင်းရယ်"

mgyoe.com

mgyoe.com


သင်း။ "ဒါထက် ရိရိအသက်က ၁၅ နှစ်ကျော်ကျော်ကလေး ရှိသေးလို့မို့ တော်ပါသေးရဲ့ မယ်ငြိမ်းရယ်။ ကျုပ်တို့သမီးများတော့ နှစ်ဆယ်ထဲ ရောက်သွားမှာစိုးလို့ အင်မတန် ပူနေရတယ်။ ကာလက မိန်းကလေး အသက် ၂၀ ဆိုလျှင် ဟိုင်းပြီလို့ မှတ်နေကြတဲ့ကာလ မယ်ငြိမ်းရဲ့"

ငြိမ်း။ "မှန်ပါတယ်၊ ကျွန်မတို့ကာလတုန်းက အိုးပုတ်နဲ့ကစားနေသေးတဲ့အရွယ်မှာ ခုကာလတော့ ရည်းစားတွေဘာတွေ စာပေးစာယူနဲ့ ရှုပ်ပွေကုန်ပြီ။ နို့ဒါထက် မသန့်ညွှန့်အတွက် နေရာချထားဖို့ မကြံစည်သေးဘူးလား မကြီးသင်း၊ ညီအစ်မချင်းမို့ မေးတာပါနော်"

သင်း။ "စပ်လာ ဟပ်လာတဲ့လူတွေတော့ပေါ ရဲ့။ မန္တလေးက စက်ပိုင်ရှင်သားတဲ့၊ ချပ်သင်းက လှစက်ပိုင်ရှင်တဲ့၊ ရေဦးက မြို့အုပ်ကလေးတဲ့ ပြည့်လို့ပါပဲ"

ငြိမ်း။ "နို့ မကြီးသင်းတို့က ဒီကဟာတွေ တစ်ယောက်မှ သဘော မကျဘူးလား"

သင်း။ "အဝေးသားဆိုတော့ ဓာတ်ရပ်ရည်မသိလို့ ရုတ်တရက် လက်ခံဖို့ အခက်သားကလား မယ်ငြိမ်းရယ်"

ငြိမ်း။ "ဒီလိုဖြင့် မသန်းညွှန့်မှာ စပ်ပြီးဟပ်ပြီး မရှိသေးဘူးပေါ့"

သင်း။ "တီးခေါက်လှချေလား၊ စကားများပါလာခဲ့လို့လား။ ပြောစရာရှိ ပြောသာပြောလေ မယ်ငြိမ်း။ အားမနာနဲ့ ညီအစ်မ အရင်းလိုပေါ့"

ငြိမ်း။ (မျက်နှာမပျက်စေဘဲ ဟန်လုပ်လျက်) "ဒါကြောင့် မဟုတ်ပါဘူး မကြီးသင်းရယ်။ ကိုယ့်တူမကလေးလို အောက်မေ့လို့ သိချင်လို့ပါ"

သင်း။ "ရှိတော့ရှိတယ် နှုတ်လုံပေစေနော်၊ ဘယ်သူမှမပြောနဲ့"

mgyoe.com

mgyoe.com

ငြိမ်း။ "စိတ်ချပါ မကြီးသင်းရယ်"

သင်း။ "မယ်ငြိမ်းတို့ မြို့ကပေါ့။ တောအုပ် ဦးသိန်းဖေရဲ့သား မောင်ဝင်းမောင်ဆိုတာလေ။ အခုတော့ ကောလိပ်မှာ ရှိသေးတယ်။ ကျုပ်တို့က ကျောင်းစရိတ်တစ်ဝက် ထောက်နေရတယ်။ မိန်းမရှင်က စရိတ်ထောက်ရတယ်ဆိုတာ အောက်ပြည်အောက်ရွာမှာ ရိုးနေသော်လည်း ကျုပ်တို့အညာမှာတော့ တယ်မများလှသေးလို့ ရှက်စရာတစ်ခု ဖြစ်နေတယ် မငြိမ်းရဲ့။ ဒါကြောင့် ဒီအကြောင်းကို လူသိမခံဝံ့သေးဘူး၊ တိတ်တိတ် ကြိတ်ပို့နေရတယ်"

ဒေါ်ငြိမ်းလှမှာ သိလိုသောအကြောင်းအရာကို သိရချေပြီ။ ကြားရသော သတင်းအတိုင်း မှန်လျက်ရှိသောကြောင့် သမီးကလေး ရိရိအတွက် သက်မကြီး တပင့်ပင့်နှင့် ရှိနေ၏။ ဒေါ်သင်းကြိုင်သည် ငယ်စဉ်တောင်ကျေး ကလေးအရွယ်က အဖြစ်အပျက်များကို ရယ်ကာမောကာနှင့် သွက်လက်စွာ ပြောလျက်ရှိသော်လည်း ဒေါ်ငြိမ်းလှမှာမူ မကြားတစ်ချက် ကြားတစ်ချက်နှင့် ရှိနေ၍ နောက်ဆုံးနေ့ ထမင်းပွဲ၌ ငေးမှိုင်ကာထိုင်နေသော မောင်ဝင်းမောင်၏ မျက်နှာကိုသာလျှင် တရေးရေး ထင်မြင်လျက် ရှိ၏။

ရိရိနှင့် မသန်းညွန့်တို့မူကား မသန်းညွန့်၏အခန်းထဲသို့ ဝင်သွားကြပြီးနောက် မိန်းကလေးတို့ဘာဝ ရေမွှေး၊ ပေါင်ဒါ၊ ဘီး၊ မှန်၊ သနပ်ခါး အဆန်းအပြားများကို ပြသူကပြ၍ ကြည့်သူကကြည့်ပြီးလျှင် ခုတင်ပေါ်တွင် အတူယှဉ်လျက် ထိုင်နေကြလေ၏။ ရွှေဘိုမြို့ မြို့ထောင့်စေတီ ဘုရားပွဲတော်အကြောင်းကို ပြောဆိုပြီးကြသည့် အဆုံး၌–

ညွန့်။ "ရိရိတို့နေတာ ဘယ်အရပ်လဲ ရိရိ"

ရိ။ "မင်းရပ် မမညွန့်ရဲ့"

mgyoe.com

mgyee.com


ညွန့်။ "ဩော်... ဒါဖြင့် တောအုပ်ကြီးဦးသိန်းဖေ ဒေါ်တင်တင် တို့နဲ့ နီးမှာပေါ့။

ရီ။ "တစ်လမ်းသာခြားတယ် မမညွန့်ရဲ့၊ မမညွန့်တို့နဲ့ သိသလား"

ညွန့်။ (ရှက်သလို မျက်နှာနှင့်) "သိတော့ မသိသေးပါဘူး။ ကြား ဖူးတာပါပဲ"

ရီရီသည် မသန်းညွန့်၏ မျက်နှာထားကို မြင်သောအခါတွင် အထူးပါးနပ်သော မိန်းကလေးတစ်ယောက် မဟုတ်ငြားသော်လည်း ကိုယ်စောင့်နတ်ပြောသည်ဟု ဆိုရမတတ် တစ်စုံတရာ ထူးခြားသည် ဟူ၍ တွေးမိသဖြင့် မျက်နှာကိုစိုက်၍ ကြည့်မိရာတွင် မသန်းညွန့် သည် မျက်နှာကို ခပ်လွှဲလွှဲလုပ်၍ ထားလေ၏။

ညွန့်။ (ခေါင်းအုံးဇာမိတ်ကို လက်နှင့်ကိုင်ကာ သေချာစွာကြည့် နေဟန်နှင့်) "တောအုပ်ဦးသိန်းဖေသားကို ရီရီ မြင်ဖူးမှာ ပေါ့"

ရီ။ "တောအုပ်ဦးသိန်းဖေမှာ သားသုံးယောက်ရှိတယ်၊ ဘယ် သင်းဟာလဲ"

ညွန့်။ "အကြီးဆုံး ကိုဝင်းမောင်ဆိုတာလေ။ အခု ကောလိပ် ကျောင်းမှာ"

ရီ။ (မိမိအား စောင်းရိပ်၍ မေးနေသည်အထင်နှင့် မသန်းညွန့် ၏ မျက်နှာကို ဖျတ်ခနဲမော့ကြည့်လိုက်ရာ ထိုကဲ့သို့ မေးခြင်း မဟုတ်ကြောင်း သိသည်နှင့်) "မြင်ဖူးတာပေါ့ မမညွန့်၊ ကျွန်မကိုတောင် သုံးနှစ်လောက် အင်္ဂလိပ်စာ သင်ပေးသွားသေး တယ်"

ညွန့်။ "ဩော်... ဟုတ်လား။ တော်တော် သနားကမားပဲလား"

ရီ။ (မသင်္ကာဟန်ဖြင့် ကြည့်ပြန်၏) "သနားကမား ဘယ်က မလဲ မမညွန့်၊ ရွှေဘိုမြို့က ကျောင်းသားတွေထဲမှာ သူ့

mgyee.com

mgyoe.com


အချောဆုံးပေါ့"

ညွန့်။ "ဟုတ်ပါ့မလား ရီရီရယ်၊ ဓာတ်ပုံထဲမှာတော့ ဒီလောက် မဟုတ်ပါလား"

ရီ။ "သူ့ဓာတ်ပုံ မမညွန့် မြင်ဖူးလို့လား"

ညွန့်။ "ရီရီ"

ရီ။ "မမညွန့်"

ညွန့်။ "ရီရီကို ညီမလေးလို ချစ်လို့ပြောတာနော်။ မမပြောတဲ့ စကားကို ဘယ်သူမှမပြောနဲ့ ကြားလား"

ရီ။ "စိတ်ချပါ မမညွန့်"

ထိုအခါ မသန်းညွန့်သည် မှန်တင်ခုံအောက်တွင် ဝှက်ထားသော ဓာတ်ပုံနှစ်ပုံကိုယူ၍ ခုတင်ပေါ်တွင် ထိုင်ပြန်လေ၏။

ညွန့်။ "ကိုင်း ဒီဓာတ်ပုံနှစ်ပုံယှဉ်ကြည့်စမ်း၊ ဘယ်သူက ပိုချောသလဲ"

ရီရီသည် ဓာတ်ပုံနှစ်ပုံကို လှမ်းယူကြည့်ရှုရာတွင် တစ်ခုသော ဓာတ်ပုံမှာ ရီရီ၏ နှလုံးသားပေါ်၌ မပြယ်မပျက်နိုင်အောင် နှိပ်ခတ်၍ထားပြီးဖြစ်သော မောင်ဝင်းမောင်၏ဓာတ်ပုံဖြစ်၍ အခြားပုံမှာ ရုပ်ရည်အတော်ပင် ချောမောလှပသော ၂၀ ကျော်အရွယ် သူငယ်တစ်ယောက်၏ ဓာတ်ပုံဖြစ်လေသည်။ ရီရီမှာ မောင်ဝင်းမောင်၏ဓာတ်ပုံကို မြင်လိုက်ရသည့် တစ်ခဏ၌ စုတေခါနီးဆဲဆဲရှိနေသူတစ်ယောက်သည် စုတေမည့် တစ်စက္ကန့်အချိန်အတွင်းတွင် တစ်သက်လုံး မိမိပြုကျင့်ခဲ့သမျှသော အခြင်းအရာ အဖြစ်အပျက်များကို ကွက်ခနဲ တစ်ချိန်တည်း ပြန်၍မြင်ရသည်ဆိုဘိသကဲ့သို့ ရီရီမှာလည်း မြန်မာစာသင်ကျောင်းတွင် ရှိစဉ်က မိမိအား ရန်စစော်ကားသော သူငယ်တစ်ယောက်ကို မောင်ဝင်းမောင်က အားအင်မမျှဘဲနှင့် နိုင်နင်းအောင် ခုခံထိုးသတ်ပုံ၊ ထိုနေ့မှစ၍ မောင်ဝင်းမောင်နှင့်

mgyoe.com

mgyoe.com


မိတ်ကျွမ်းဝင်ခဲ့ကြပုံ၊ လွန်ခဲ့သော သုံးနှစ်အတွင်း စာသင်ပေးပုံ၊ ရန်ကုန်သို့ မသွားမီတစ်နေ့တွင် မိမိတို့အိမ်၌နှုတ်ဆက်ပုံ၊ မကြာမကြာ စာထည့်ဖို့ မှာထားပုံ စသည်များကို တစ်ချိန်တည်း ကွက်ခနဲ ပေါ်၍လာလေ၏။

ထိုကဲ့သို့ပေါ်လာလေလျှင် ငယ်ရွယ်သူဖြစ်သည့်အလျောက် မျက်ရည်များသည် အတင်းတိုး၍ စိမ့်ထွက်မည်ပြုရာ တစ်နည်းအားဖြင့် စိတ်တင်းသော သူငယ်မ တစ်ယောက်ဖြစ်သည်နှင့် အသက်ကိုအောင့်ကာ ချုပ်တီး၍ ထားလိုက်နိုင်သည် ဖြစ်သောကြောင့် မသန်းညွန့် မရိပ်မိနိုင်မီ ဣန္ဒြေဆည်လိုက်နိုင်သေး၏။

ထို့နောက် ရီရီသည် လွမ်းဆွတ်သောစိတ်ကို ပယ်ဖျောက်လျက် ဓာတ်ပုံနှစ်ပုံကို သေချာစွာ ယှဉ်ကြည့်လေ၏။ အခြားသောသူတို့၏ မျက်စိ၌မူ ထိုဓာတ်ပုံနှစ်ပုံအနက် မည်သူက ချောမောသည်ဟူ၍ ဆုံးဖြတ်ရန် အတော်ပင် ခဲယဉ်းချေမည် ဖြစ်သော်လည်း ရီရီ၏ မျက်စိ၌မူကား ဆုံးဖြတ်ရန်အတွက် အနည်းငယ်မျှ နှောင့်နှေးခြင်း မရှိချေ။ သို့သော်လည်း အသံတုန်၍နေမည် စိုးသောကြောင့် ရုတ်တရက် ပြန်မပြောသေးဘဲ ရှိနေစဉ်–

**ညွန့်။** "ကိုဝင်းမောင်က မိဘများ စေ့စပ်ထားတဲ့လူပဲ ရီရီရဲ့။ ဒီဟာကတော့ မမနဲ့ တိတ်တိတ်ကြိုက်နေတဲ့ ကိုသောင်းတင်တဲ့။ ကိုင်းလေ ဘယ်သူက ပိုချောသလဲ၊ ရီရီ ဆုံးဖြတ်စမ်းပါဦး။

ရီရီမှာ အကျပ်ကျလျက် ရှိ၏။ မိမိ၏ စိတ်ထဲ၌ ရှိသည့်အတိုင်း ကိုဝင်းမောင်က ချောပါသည်ဟု ပြောလိုက်ရသော် မသန်းညွန့်သည် မိမိ၏ စကားကိုလိုက်နာ၍ မိဘများစကားကို နားထောင်ကောင်း ထောင်ပေလိမ့်မည်။ ယင်းသို့ဖြစ်လျှင် အပျိုအရွယ် ဝင်ခဲ့သည်မှစ၍ မိမိကူးလာခဲ့သော စိတ်ကူးများသည် လန့်နိုးကာ အိပ်မက်ကဲ့သို့ တရကြမ်း ပြိုပျက်ရချေတော့မည်။ ကိုသောင်းတင်က

mgyoe.com

mgyoe.com

ချောပါသည်ဟု ပြောရန်မှာလည်း အသည်းစွဲအောင် ချစ်လှသော ကိုဝင်းမောင်ထက် တစ်ဦးတစ်ယောက်သောသူက ပိုမိုချောလှသည်ဟူ၍ ဝန်ခံရာရောက်ပေလိမ့်မည်။ ထိုကဲ့သို့ ဝန်ခံရခြင်းကိုလည်း ရီရီ၏စိတ်ထဲ၌ မစင်ကို မျိုရသလောက် ဆန့်ကျင်ဘက်ဖြစ်၏။ နလုံးနာ၏။ လိမ်လည်ရာလည်း ရောက်၏။ နောက်ဆုံး၌ ဥပါယ်တံမျဉ်ဖြင့်—

ရီ။ "သူ့အကြိုက် ကိုယ့်အကြိုက် ရှိကြဦးမှာပေါ့ မမညွန့်ရယ်။ ချောတာကတော့ နှစ်ယောက်စလုံး လူချောချည်းပါပေပဲ"

ညွန့်။ (အဆုံးတိုင် သိလိုဟန်နှင့်) "ချောတာတော့ ဟုတ်ပါပြီ။ ရီရီ့မျက်စိထဲမှာ ဘယ်သူက သာသလဲ"

ရီ။ "ကျွန်မတော့ ကျွန်မ မျက်စိတော့ ကိုဝင်းမောင်က သာတယ်လို့ထင်တယ်"

ညွန့်။ "ရီရီကတော့ လူကိုယ်တိုင် မြင်ဖူးထားတာကိုး၊ တကယ့်လူနဲ့ ဒီဓာတ်ပုံနဲ့ ဘယ်နှယ့်နေသလဲ"

ရီ။ "တကယ့်လူက ဒီဓာတ်ပုံထဲမှာထက် ချောသေးတယ် မမညွန့်ရဲ့"

ညွန့်။ "ဒါဖြင့် လူကြီးတွေစကားကို နားထောင်မှ ထင်ပါရဲ့"

ရီရီမှာ မှားချေပြီဟု အောက်မေ့လိုက်၏။ နောက်တစ်မိနစ်ခန့် အတွင်း၌ ရီရီသည် မျက်လုံးများပြာခြင်း၊ နာထဲမှ တဇိဇိ မြည်ခြင်း၊ ရင်ထဲမှ တဒိန်းဒိန်း တဒိုင်းဒိုင်း လှုပ်ခုန်ခြင်း၊ ခြေလက်များသည် လှုပ်ရှား၍မရအောင် လေမလျှောက်ဘဲရှိနေခြင်း စသည့်ပြင်းပြသောဝေဒနာကို ခံစားလျက်ရှိရာ မသန်းညွန့်မှာမူ ဓာတ်ပုံများကို မှန်တင်ခုံအောက်၌ တစ်ဖန်ပြန်၍ ဝှက်ထားလျက်ရှိသောကြောင့် ရီရီ၏ အခြေပျက်ခြင်းကို သတိပြုမိဟန် လက္ခဏာ မရှိချေ။ အကယ်၍ သတိပြုမိစေကာမူလည်း အသိအမှတ်မပြုဘဲ ဝမ်းထဲ

ဦးသာ ထားလိုက်၏။

ငှင်းနောက် မိန်းကလေးနှစ်ယောက်တို့သည် ခုတင်ပေါ်တွင် ထိုင်လျက် သူငယ်မတို့ဘာဝ ဘုရားပွဲတော်များအကြောင်း အထည် ဆန်း အဝတ်ဆန်းများအကြောင်းကို ပြောရင်း မသန်းညွန့်က မိမိ၏ အထည်အဝတ် အဆန်းအပြားများကို ပြလျက်ရှိရာ ရီရီမှာ မိမိ၏ ဣန္ဒြေပျက်သွားခြင်းအကြောင်းကို ရိပ်မိမည်စိုးသည်နှင့် ပြသသော အဝတ်များကို စိတ်အာရုံစိုက်လေဟန်ဖြင့် အထူးကြည့်ရှုင် ရယ်မောကာ ကိုင်တွယ်ကြည့်ရှု ချီးမွမ်းမြှောက်ပင့် ပြောဆိုလေ၏။ စိတ်မပါဘဲ လျက်နှင့် ဟန်လုပ်၍ ရယ်မောရခြင်းသည် တစ်ကြိမ်ရယ်မောမှုအတွက် စိတ်ထဲ၌ မည်မျှလောက် အခံရခက်အောင် ကြိုးစားရကြောင်းကို ကြုံဖူးသူတိုင်း သိကြမည်ဖြစ်လေသည်။

ကျွန်ုပ်တို့သည် အထူးသဖြင့် စိတ်နှလုံးမချမ်းသာဖွယ်ရာ သော အခြင်းအရာကို ကိုယ်တိုင်ခံစားရသောအခါတွင် အိပ်ရာပေါ်၌ လူးလိမ့်ခြင်း၊ ဆံပင်ကို ဆွဲ၍ဖွခြင်း၊ ငိုယိုခြင်း၊ အံကြိတ်ခြင်း၊ ဟစ်အော်ခြင်း စသည်ဖြင့် လူအသီးသီး၏ စိတ်သဘောအလျောက် ပြုတတ်ကြသည်ဖြစ်ရာ ထိုကဲ့သို့ ပြုလိုက်ရခြင်းအားဖြင့် မကောင်း သော အခြင်းအရာသည် လျော့ပေါ့၍ မသွားစေကာမူ ဝေဒနာခံရခြင်း အရာ၌ာန၌ သက်သာခွင့်ရချေ၏။ ထိုသို့မပြုရဘဲနှင့် ချုပ်တည်း၍ ထားရသောအခါ၌မူ သက်သာခွင့်မရခဲ့ချေ။ ထိုမျှမကသေး ဲ ချက်နှာ ချိုသာစွာထားခြင်း၊ ပြုံးခြင်း၊ ရယ်မောခြင်း အစရှိသည့် ဆန့်ကျင် ဘက် အမှုအရာကို ဟန်ဆောင်ကာ ပြုလုပ်ရသောအခါ၌မူကား မူလ ခံရသောဝေဒနာသည် နှစ်ဆထမ်းပိုးတိုး၍ ခံရအောင် ဖြစ်စေတတ် လေသည်။ ရီရီမှာလည်း မသန်းညွန့်နှင့် စကားပြောလျက်နေရသော အခိုက်အတန့်တွင် ထိုအတိုင်းပင် ဖြစ်ချေသည်။

ရီရီက မသန်းညွန့်၏ အထည်အဝတ်များကို ချီးမွမ်းပြောဆို

mgyoe.com

mgyoe.com


ရာတွင် တကယ်ချိမွမ်းသည် ထင်မှတ်သဖြင့် လိုချင်ရှာလိမ့်မည် အထင်နှင့် မသန်းညွန့်သည် ပါးရှားနွမ်းပါးရှာသော ရီရီကလေးအား ချိုးမွမ်းသမျှသော အထည်အဝတ်များကို တစ်ထည်စီခွဲ၍ လက်ဆောင် ပေးလိုက်သေး၏။ စင်စစ်မှာ မသန်းညွန့်သည် သနားတတ်သော သူငယ်မကလေးတစ်ယောက်ပင် ဖြစ်ချေသည်။

စစ်ကိုင်းဘက်မှ မီးရထားလာချိန်နီးသဖြင့် ရီရီနှင့် မသန်းညွန့်တို့သည် အိမ်ပေါ်မှ ဆင်းလာကြ၍ မိခင်များရှိရာ အောက်ထပ်၌ ထိုင်မိကြလေလျှင် ရီရီ၏မိခင် ဒေါ်ငြိမ်းလှသည် ရီရီမျက်နှာကို အကဲခတ်ခြင်းအားဖြင့် မောင်ဝင်းမောင်နှင့် မသန်းညွန့်တို့ အကြောင်းကို ရီရီသိခဲ့ရပြီးဖြစ်ကြောင်း ရိပ်မိလေ၏။ အိမ်ရှင် ဒေါ်သင်းကြိုင်၏ အမိန့်အတိုင်း အစေခံသည် လက်ဖက်ရည်ပွဲ ပြင်ဆင်ယူလာခဲ့၍ မသန်းညွန့်က ဖျော်လျက်ရှိစဉ် ရီရီတို့ သားအမိ နှစ်ယောက်သည် တစ်ယောက်၏မျက်နှာကို တစ်ယောက်ကြည့် လျက်ရှိရာ ရီရီက ပြောစရာစကား အထူးရှိလေဟန်ဖြင့် မိမိအား မကြာမကြာ လှမ်းကြည့်နေသော သမီး ရီရီကို မြင်ရသောအခါတွင် ဒေါ်ငြိမ်းလှမှာ ရင်ထုမနာ ဖြစ်မိရှာ၏။ သားအမိနှစ်ယောက်စလုံး တို့မှာ ဆာမွတ်ချိန်တိုင် ရောက်နေသော်လည်း ရင်ထဲ၌ မချိလှသည် ဖြစ်သောကြောင့် အိမ်ရှင်သားအမိတို့က လောကဝတ်ပျူငှာ တည် ခင်းကျွေးမွေးသော မုန့်များကို မနိုင့်အနိုင် မျို၍ချကြရ၏။

ဘူတာရုံမှ မီးရထားအလံချိုးပြီး ဖြစ်သောကြောင့် မသန်းညွန့်တို့ သားအမိသည် ရီရီတို့သားအမိကို ဘူတာရုံသို့ရောက်အောင် လိုက်ပို့ကြ၍ ရထားထွက်ခါနီး၌လည်း မသန်းညွန့်သည် ရီရီ၏ အနီးသို့ ချဉ်းကပ်၍—

“ရီရီကို မမက ညီမကလေးအရင်းလို ချစ်တယ်နော်။ လိုချင်တာရှိလျှင် ဘာမဆိုတောင်း နားလည်လား၊ ဘာမဆို မမ

mgyoe.com

m gy


ပေးမယ်"

ဟု စေ့စေ့ကြည့်၍ ပြောလိုက်သေး၏။

မီးရထား ထွက်လာသောအခါတွင် ရိရိသည် မသန်းညွန့်တို့ရှေ့၌ ပြုံးပြုံးရွှင်ရွှင်နှင့် ဟန်ဆောင်၍ နေခဲ့ရာမှ ဟန်လုပ်ဖို့မလိုတော့သည်နှင့် တစ်ပြိုင်နက် ညှိုးငယ်သောမျက်နှာထားသို့ ချက်ချင်းပင် ပြောင်းလဲခဲ့၏။ သို့ရာတွင် အခြားသော ခရီးသည်များရှိနေသည်ဖြစ်သောကြောင့် မိခင်အား ပြောလိုသောစကားကိုမှု ပြောခွင့်မရသေးချေ။ သားအမိနှစ်ယောက်တို့မှာ တစ်ယောက်၏ မျက်နှာကို တစ်ယောက်မကြည့်ဝံ့ဘဲ အသီးအသီး ရထားပြင်သို့ မျက်နှာမူလျက် တိတ်ဆိတ်စွာ လိုက်ပါလာခဲ့ကြလေ၏။

ရထားမှဆင်း၍ နေအိမ်သို့ရောက်သည်နှင့် တစ်ပြိုင်နက် ရိရိသည် အဝတ်အစား လဲလှယ်ရန်ကိုမျှ မဆိုင်းနိုင်တော့ဘဲ မသန်းညွန့်က ပေးလိုက်သော လက်ဆောင်ထုပ်ကလေးကို စားပွဲ ပေါ်သို့ ပစ်တင်ပြီးနောက် မိခင်ဒေါ်ငြိမ်းလှကိုဖက်လျက် ရှိုက်ကြီးငင်ကြီး ဝမ်းနည်းပန်းနည်း ငိုကြွေးလေ၏။

"တစ်ခါဖြင့် ရိရိတို့ လွဲကြပေါ့မေမေ။ ကိုကိုဝင်းများ ဒီလို လုပ်ရက်လိမ့်မယ်လို့ ရိရိမထင်မိဘူး မေမေ။ မနေ့ကတောင် သူ့ဆီက ရတဲ့စာထဲမှာ ရိရိ့မျက်နှာကလေး မြင်ချင်နေလွန်းလို့ စာများတောင် မကျက်နိုင်ဘူးတဲ့။ ကျောင်းလည်း ပိတ်ပါတော့မယ်တဲ့။ မောင်ပြန်မယ့်ရက်ကို လက်ချိုးပြီး မျှော်ပါတဲ့။ အမယ်လေး လိမ် ရက်ပါပေ့ လှည့်စားရက်ပါပေ့ ကိုကိုဝင်းကြီးရဲ့"

ထို့နောက် ရိရိသည် မောင်ဝင်းမောင်နှင့် မိမိတို့ငယ်စဉ် တောင်ကျေးကလေးအရွယ်မှစ၍ ရသမျှ မုန့်ကလေးများကို အတူ ခွဲဝေ၍ စားကြပုံ၊ မိမိအား ကျောင်းသားကြီးများက စော်ကားမော်ကား ပြုကျင့်သည့်အခါများတွင် မောင်ဝင်းမောင်က မိမိဘက်မှ ခုခံပုံ၊

mgyoe.com

mgyoe.com

စာသင်ပေးသောအခါ၌ မိမိက မကျက်ချင်သောကြောင့် ချော့မော့ဆုံးမပုံ၊ ရန်ကုန်သွားခါနီး၌ မျက်ရည်ကလေး ကလယ်ကလယ်နှင့် မှာသွားပုံ စသည်များကို ခရာတာတာပြောတတ်သော ၄င်း၏ အလေ့အကျင့်အတိုင်း ဖွဲ့နွဲ့ကာ စိကာပတ်ကုံး ရေရွတ်ညည်းညူတိုင်တန်း ပြောဆိုရာတွင် မိခင်ဒေါ်ငြိမ်းလှမှာ သမီးကိုဖြေဆည်ဖို့ စကားရှာ၍ မရနိုင်ရုံမျှမက မိမိကိုယ်တိုင် ဖြေဆည်၍ မရနိုင်အောင် ရှိသည်ဖြစ်၍ သမီးရီရီကို ပွေ့ဖက်ရင်း မျက်ရည်ပေါက်ချင်း ရောယှက်သည့်တိုင်အောင် အပြိုင်အဆိုင် ငိုယိုလျက် ရှိကြလေ၏။ ဤသည်ကား ဒုက္ခသည်မကလေး ရီရီ၏ လွမ်းဆွေးဖွယ်ရာ အဖြစ်အပျက်များအနက်တွင် အမြည်းကလေးမျှသာ ရှိချေသေး၏။

■

mgyoe.com

mgyoe.com

## အခန်း (၈)

နှစ်ရက်ခန့်ကြာသောအခါ ဦးသန့်စင်သည် မန္တလေးမြို့မှ ပြန်လည် ဆိုက်ရောက်လာလေ၏။ ထိုအချိန်၌ကား ရီရီမှာ ငိုခြင်း ချရဖန်များလှသောကြောင့် ခွန်အားကုန်ခန်း နွမ်းဟိုက်လှသဖြင့် အိပ်ပျော်လျက် ရှိနေလေ၏။ သို့ဖြစ်၍ လင်မယားနှစ်ယောက်တို့သည် ရီရီ မရှိခိုက် အခွင့်သာသည့်အလျောက် ရီရီ့အကြောင်းကို တိုင်ပင် ကြလေ၏။

သန့်။ "မယ်ငြိမ်းတို့သွားတဲ့ကိစ္စ ဘယ့်နှယ်လဲ"

ငြိမ်း။ "ရှင်ကြားထားတဲ့အတိုင်း မှန်နေပြီကော"

သန့်။ "ဒါကြောင့် ဟုတ်ပါတယ်လို့ ပြော..."

ငြိမ်း။ "နို့ ရှင့်ကိစ္စကကော မြင်ခဲ့ရရဲ့လား။ ဘယ်လိုလူပုံပန်းလဲ"

သန့်။ "ဒီလိုရှင်မ၊ ဥစ္စာပေါ ရုပ်ချော အလိမ္မာ အိမ်ပါဆိုတာမျိုး လိုက်ရှာနေလို့တော့ မဖြစ်နိုင်ဘူး။ ကိုယ့်အခြေအနေလည်း ကြည့်ရသေးတယ်"

ငြိမ်း။ "ဘယ်သူက ဘာပြောသေးလို့ ဒီလောက် ကာကွယ်နေရ တာလဲ ဦးသန့်စင်။ ရှင့်လူက မျက်စိတစ်ဖက်လပ်များ လား"

mgyoe.com

သန့်။ “မျက်စိကောင်းပါတယ်”

ငြိမ်း။ “ခြေလက်အင်္ဂါ စုံလင်ရဲ့လား”

သန့်။ “စုံလင်ပါတယ်၊ သို့သော် လူကဖြင့် လူချောလူလှတော့ မဟုတ်ဘူး”

ငြိမ်း။ “နူနာရောဂါများ ရှိသလား”

သန့်။ “ဒီလိုလည်း မရှိပါဘူး၊ သို့သော် တယ်ကြီး သွက်သွက် လက်လက် မရှိလှဘူး”

ငြိမ်း။ “စကားဆွံ့တာ ပြောတာလား”

သန့်။ “ဒီလိုလည်း မဟုတ်ပါဘူး။ ကောင်းကောင်းမွန်မွန်ပဲ ပြော နိုင်ပါတယ်”

ငြိမ်း။ “နို့နေပါဦး၊ ရှင့်လူက ဘယ်လို အပြစ်အနာအဆာမျိုးရှိလို့ ဟာလဲ ဦးသန့်စင်ရဲ့”

သန့်။ “အပြစ်ကယ်လို့လည်း မဆိုနိုင်ဘူးရှင်မရဲ့၊ သို့သော်လည်း”

ငြိမ်း။ “ရှင့်ဟာက သို့သော်လည်းတွေ များလိုက်တာရှင်၊ ကျွန်မ ဖြင့် စိတ်လေးလာပြီ”

သန့်။ “ကျုပ်ခုနင်က ပြောတဲ့အတိုင်းပဲ မယ်ငြိမ်းရယ်၊ ကိုယ့် အခြေအနေက ရှေးကလို မဟုတ်တာကတစ်ကြောင်း၊ သူငယ်ချင်းရဲ့ သားဖြစ်တာကတစ်ကြောင်း၊ ဟိုတုန်းက ကျုပ်ကိစ္စ ကို ဆောင်ရွက်ပေးတဲ့ ကျေးဇူးရှိတာကတစ်ကြောင်း၊ ထိုအကြောင်း များကို ထောက်ခြင်းအားဖြင့် သွက်သွက်လက်လက်နဲ့ လူရည်ချွန်ကြီး မဟုတ်စေကာမူ ကျုပ်တော့ သဘောတူတယ်။ လက်ဝတ်လက်စား လည်း ၆ ထောင်ခင်းဖိုးလောက် ပါစေ့မတဲ့”

ဒေါ်ငြိမ်းလှမှာ ငွေကို အထူးမက်မောသူတစ်ယောက်ဟူ၍ မစွပ်စွဲနိုင်စေကာမူ လက်ဝတ်လက်စား ၆ ထောင်ခင်းဖိုးပါသည်ဟူ သော အကြောင်းပြချက်သည်ကား အခိုင်လုံဆုံးသော အကြောင်း

mgyoe.com

mgyoe.com

ပြချက် ဖြစ်ချေ၏။ အကြောင်းမူကား သမီးကလေး လှပစွာ ဆင်ယင် ဝတ်စားသည်ကို မြင်လိုလှသောကြောင့်ပေတည်း။ သားသမီး လှပစွာ ဝတ်ဆင်သည်ကို မမြင်လိုသော မိခင်သည် အဘယ်မှာရှိပါသနည်း။

သို့ဖြစ်၍ ရီရီ အိပ်ရာမှ နိုးလာသောအခါတွင် မိဘနှစ်ပါး တို့သည် ရီရီကိုညှပ်၍ နားချကြ၏။ ဦးသန့်စင်က သတို့သား၏ အကြောင်းကို အလျှင်းချန်လှပ်၍ ဤသို့သော မိကောင်းဖခင် သား မျိုးကို ရနိုင်ခဲကြောင်း၊ မိမိတို့ အခြေအနေမျှမကသောသူတို့၏ သမီး များပင်လျှင် ငြင်းပယ်ကြမည်မဟုတ်ကြောင်း၊ ဝတ်ရေးစားရေးအတွက် တစ်သက်လုံး ပူပန်ဖို့မရှိကြောင်း၊ သူငယ်ချင်း၏သားလည်းဖြစ် ကြောင်း၊ ဦးဘကျော်၏ ကျေးဇူးကိုလည်း သမီးအသိပင်ဖြစ်ကြောင်း၊ လက်ဝတ်လက်စား ၆ ထောင်ဖိုးခန့် တင်သမည့်ပြင် မိမိတို့ရင်းနှီး ရန်အတွက် ငွေတစ်ထောင်ခန့်ပင် စိုက်ထုတ်မစဦးမည်ဖြစ်ကြောင်း များနှင့် ပြောဆိုလေ၏။

ရီ။ "ရီရီသဘောအရမှာတော့ ကိုကိုဝင်းနဲ့လွဲကြဖို့ရှိမှ မိဘများ စိတ်ချမ်းသာမယ်ဆိုလျှင် ဘယ်သူနဲ့မဆို ရီရီ မငြင်းတော့ ပါဘူး ဖေဖေ။ အခု ဖေဖေ ပြောပြတဲ့အကြောင်းတွေထဲမှာ ရီရီအဖို့ လက်ဝတ်လက်စား ၆ ထောင်ဖိုးဆိုတာကိုလည်း ရီရီ မမက်ပါဘူး။ သို့သော် ဖေဖေ ဒုက္ခရောက်နေတုန်းက ဘကြီးဦးဘကျော်က ဖေဖေ့ ကို ကူညီစောင့်ရှောက်တဲ့ ကျေးဇူးဟာ ရီရီစိတ်ထဲမှာ အရေးကြီးဆုံး အကြောင်းကြီးလို့ ထင်မှတ်ပါတယ်။ ဒါကြောင့် ဘကြီးဦးဘကျော် စိတ်ချမ်းသာဖို့ မေမေတို့ ဖေဖေတို့ စိတ်ချမ်းသာဖို့ဆိုလျှင် ဘာမဆို ရီရီ နားထောင်ပါ့မယ် မေမေတို့ ဖေဖေတို့ရှင့်"

ထိုအခါ ဦးသန့်စင်နှင့် ဒေါ်ငြိမ်းလှ လင်မယားတို့သည် ရီရီကို လှယက်ပွေ့ဖက်ကြလေ၏။ ထို့နောက်–

ရီ။ "ကျွန်မတစ်ခုကလေး ခွင့်ပန်ပါရစေ မေမေတို့"

mgyoe.com

mgyoe.com


ငြိမ်း။ "ပြောပါသမီး"

ရီ။ "ကိုကိုဝင်းဆီကို ရီရီ စာရေးပြီး မေးပါရစေ မေမေ"

ငြိမ်း။ "ဘာလုပ်တော့မှာလဲ သမီးရယ်၊ မသန်းညွန့်မေမေ ပါးစပ်က လစဉ် စရိတ်ထောက်နေရတဲ့အကြောင်း မေမေ့ ပြောလိုက်ပြီးပဲ။ တကယ်ဆိုတော့ သူများတကာ ပြုစုပျိုးထောင်ထားတဲ့ အသီးကို ဆွတ်ခူးပြီး မစားထိုက်ပါဘူး သမီးရယ်"

ရီ။ "မှန်တယ် မေမေ၊ ဒီလိုတော့ မလုပ်ကောင်းပေဘူး။ ကိုင်း–ဒါဖြင့် ဖေဖေတို့မေမေတို့ သဘောအတိုင်း ကြိုက်သလို စီမံကြပါတော့ ရီရီ လုံးလုံးအပ်ပါပြီ"

■

mgyoe.com

mgyoe.com

# အခန်း (၉)

တန်ဆောင်းမုန်းလဆန်း ၅ ရက်နေ့သည်ကား ရွှေဘိုမြို့ တစ်မြို့လုံးရှိ လူကုံထံများ၏ သားမယားများ ခြေချင်းရိုက်မတတ် ရှုပ်ယှက်ခတ် ပြေးလွှားသွားလာကြရသောနေ့ ဖြစ်ချေ၏။ အကြောင်းကိုဆိုသော် နက်ဖြန်လဆန်း ၆ ရက်နေ့တွင် မန္တလေးမြို့ ဝတ်လုံတော်ရကြီး ဦးဘကျော်၏သား မောင်ဖေစိုးနှင့် ရွှေဘိုမြို့မင်းရပ်သစ်ကုန်သည်ကြီး ဦးသန့်စင်၏သမီး ရီရီတို့ လက်ထပ်မင်္ဂလာဆောင်နှင်းမည်ဖြစ်ရာ ဖိတ်စာရရှိသူတို့သည် မင်္ဂလာဆောင်ပွဲ သွားရန်အတွက် စိန်ရွှေစသော လက်ဝတ်လက်စားများကို ရှာကြံ ငှားရမ်းကြသောကြောင့် ဖြစ်ချေသည်။ ဦးဘကျော်သည် ခမက်ဖြစ်သူ၏ မျက်နှာငယ်သောအဖြစ်ကို သိသဖြင့် အသရေဆည်လိုသည်တစ်ကြောင်း၊ ချွေးမလောင်းကလေး ရီရီကို ချစ်ခင်သည်အတွက်ကြောင့် ချီးမြှင့်လိုသည်တစ်ကြောင်းကြောင့် မင်္ဂလာဆောင် အခမ်းအနားကို အထူးကြီးကျယ်အောင် စီမံခဲ့လေ၏။ သို့ဖြစ်သောကြောင့် ရွက်ရေတစ်ထောင်လျှင် ငွေ ၁၀၀ ကျော်ပေးရသည့် အလွန်ခံ့ညားလှပသော ဖိတ်စာကြီးများဖြင့် အစိုးရအရာရှိများ လူကုံထံများအားလုံးကို ပင့်ဖိတ်ခြင်း၊ ဦးသန့်စင်၏အိမ်ရှေ့၌ မန္တလေးမြို့မှ လက်ဝါရုံ မဏ္ဍပ်

mgyoe.com

mgyoe.com


ကြီးကို ကြေးငွေမြောက်များစွာ အကုန်အကျခံ၍ ၄ားရမ်းဆောက်လုပ်စေခြင်း၊ ပရိသတ်များအားလည်း ယောကျ်ားဖြစ်လျှင် ၃ ကျပ်တန် ပဝါကြီးတစ်ထည်လည်းကောင်း၊ မိန်းမဖြစ်လျှင် ပိုးတွန့်လုံချည် တစ်ထည်လည်းကောင်း ကမ်းလှမ်းခြင်း စသဖြင့် ရွှေဘိုမြို့ပေါ်၌ အကြီးအကျယ်ဆုံး အခမ်းနားဆုံး မင်္ဂလာဆောင် ဖြစ်စေအောင် စီမံခဲ့လေ၏။

ဦးသန့်စင် အမှုဖြစ်စဉ်က အာမခံဖို့ တိမ်းရှောင်နေခဲ့ကြသောသူတို့သည် ပဝါကမ်းမည် လုံချည်ကမ်းမည်အကြောင်းကို သိကြရသောအခါ လာရောက်သူ ပရိသတ်တို့အနက်တွင် အစောဆုံးရောက်၍ ရှေ့ဆုံးမှ ထိုင်ကြ၏။ နေ့ခင်းအချိန်တွင် မန္တလေးမြို့မှ အငြိမ့်နှစ်ပွဲဖြင့် ဖျော်ဖြေ၍ ညဉ့်အချိန်၌လည်း ဘုရားဒကာ ဦးဖိုးစိန်ကပွဲကို ကပြစေ၏။ ကျွေးမွေးသော မုန့်များမှာလည်း ရန်ကုန်မြို့မှ မှာယူသည့် ပထမတန်း ကိတ်မုန့်များ ဖြစ်ချေသည်။

ဆွမ်းခံပြန်ချိန်မှစ၍ ဧည့်ပရိသတ်တို့သည် ဆိုက်ရောက်စပြုကြလေရာ မကြာမီအတွင်း တစ်မြို့လုံး၌ရှိကြသော မော်တော်ကားများ၊ ရထားများ၊ မြင်းရထားများသည် မဏ္ဍပ်အနီး၌ ရှုပ်ယှက်ခတ်ဖြစ်၍နေ၏။

ပရိသတ်တို့သည် မွန်မြတ်သောစားဖွယ်များကို စားသောက်ရင်း ဦးသန့်စင်တို့ ခမည်းခမက်နှင့် သတို့သမီး သတို့သားတို့အကြောင်းကို တစ်ဝိုင်းစီထိုင်၍ ဆွေးနွေးပြောဆိုလျက်ရှိကြလေရာ ကျွန်ုပ်တို့သည် တစောင်းမှ ချောင်းမြောင်း နားထောင်ကြပေအံ့။ တစ်ဝိုင်း၌–

"ဦးစံလှတို့ လူစုကောဗျ မမြင်ပါကလား"

အခြားတစ်ယောက်။ "ဘာမြင်မှာလဲဗျ၊ ခင်ဗျားလူ အမြီးထောင်ပြေးပြီ"

mgyoe.com

mgyoe.com


တတိယလူ။        "အမြီးမထောင်နိုင်ဘူးဗျ၊ အမြီးကုပ်ပြေးလေရဲ့"
ပထမလူ။        "ဒီလောက်ပဲ သတ္တိနည်းသလားဗျာ"
ဒုတိယလူ။        "သတ္တိနည်းတာတော့ ဟုတ် မထင်ပေါင်ဗျာ။
ကိုယ်မရှုစိမ့်တဲ့လူက အရေးသာပြန်တော့လည်း
မျက်နှာပူလို့ဟာပေါ့"

ဒုတိယဝိုင်း၌
တစ်ယောက်။        "ကျုပ်တို့ ဦးသန့်စင်တော့ ကျုပ်က သိပ်ကျေနပ်
တယ်ဗျာ။ လူဖြောင့်စိတ်တိုဆိုတာလို မဟုတ်တာလုပ်တဲ့
သူကို ယောကျ်ားပီပီ ကိုယ်တိုင်တက်ပြီး ကြဲလိုက်တာပဲ"
ဒုတိယလူ။        "ဦးအောင်ဇေယျထွက်တဲ့ နယ်သားကပဲဗျာ။ ဘာ
ညံ့လိမ့်မှာလဲ"
တတိယလူ။        "ခင်ဗျား ဦးစံလှက လွန်လည်း လွန်ပါတယ်ဗျာ။
သမီးချင်းမှ မစာနာ၊ သူ့ပါးစပ်မို့ ထွက်နိုင်ပါပေတယ်"

တတိယဝိုင်း၌
တစ်ယောက်။        "စိတ်နှလုံးကောင်းရှိတဲ့လူဆိုတာ ဆင်းရဲလည်း
ခဏာပဲနော်၊ စောင်မမယ့်လူ ချက်ချင်း ပေါ်ပေါက်လာ
တာပဲ"
ဒုတိယလူ။        "ဦးသန့်စင်တို့ စိတ်နှလုံးကောင်းတာက ဘိုးစဉ်
ဘောင်ဆက်ကပါဗျာ။ သူ့အဖေကြီးကော၊ သူ့အဘိုးရော
လူကောင်းကြီးတွေလို့ ကျုပ်တို့အဖေက ပြောသွားဖူးတယ်"
တတိယလူ။        "ပျက်စီးတုန်းကလည်း လူကတော့ အကြံကောင်း
ဗျ၊ ကံက မလိုက်ရှာလို့"

mgyoe.com